# မျိုးဆက်လှိုင်း

## ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေး အစီရင်ခံစာ

# မြန်မာနိုင်ငံတွင် မတရားဖမ်းဆီး ထောင်ချခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းနှင့် လွတ်လပ်စွာ သွားလာခွင့်ကို ပိတ်ပင်တားဆီးခြင်း

Email - generationwave.office@gmail.com
Website - https://www.generationwave.org/

၁၅ ဒီဇင်ဘာလ ၂၀၁၉ – ၁၅ မတ်လ ၂၀၂၀

# မာတိကာ


၁။ နိဒါန်း/အစီရင်ခံစာ၏ ရည်ရွယ်ချက် ........ ၁

၂။ အဖွဲ့ နောက်ခံအကျဉ်း ........ ၂

၃။ နောက်ခံ အခင်းအကျင်း ........ ၃

၄။ အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ် ........ ၅

၅။ မှတ်တမ်းကောက်ယူမှု နည်းလမ်းများ ........ ၉

၆။ ကနဦးသတ်ချက်များ ........ ၁၀

၇။ သတင်းမီဒီယာအပေါ် အခြေပြု လေ့လာမှုမှ တွေ့ရှိရသည့် အချက်အလက်များနှင့် လေ့လာသုံးသပ်ချက်များ ........ ၁၁

၇.၁။ ဥပဒေမဲ့ သတ်ဖြတ်ခြင်း ........ ၁၂

၇.၁.၁။ စစ်တပ်၏ ကျူးလွန်မှုများ ........ ၁၂

၇.၁.၂။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကျူးလွန်မှုများ ........ ၁၃

၇.၁.၃။ အမည်မသိ အဖွဲ့အစည်းများ၏ ကျူးလွန်မှုများ ........ ၁၅

၇.၂။ မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် အကျဉ်းချထားခြင်း ........ ၁၆

၇.၂.၁။ စစ်တပ်၏ ကျူးလွန်မှုများ ........ ၁၇

၇.၂.၂။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကျူးလွန်မှုများ ........ ၁၉

၇.၃။ လွတ်လပ်စွာ သွားလာခွင့် ပိတ်ပင်ခံရပြီး အရေးယူခံရခြင်း ........ ၁၉

၈။ နိဂုံး ........ ၂၂

၉။ အကြံပြုချက် ........ ၂၃

၁၀။ ကိုးကား/ရည်ညွှန်းချက်များ ........ ၂၅


## အစီရင်ခံစာတွင် အသုံးပြုထားသည့် အတိုကောက် စကားလုံးများ

| | | |
|---|---|---|
| **AA** | - | Arakan Army |
| **AHRDPA** | - | Arakan Human Rights Defenders and Promoters Association |
| **CSOs** | - | Civil Society Organizations |
| **EAOs** | - | Ethnic Armed Organizations |
| **GW** | - | Generation Wave |
| **HRDs** | - | Human Rights Defenders |
| **ICCPR** | - | International Covenant on Civil and Political Rights |
| **IDPs** | - | Internally Displaced Persons |
| **KAAC** | - | Kumi Affairs Coordination Council |
| **NLD** | - | National League for Democracy |
| **NRC** | - | National Registration Card |
| **MNHRC** | - | Myanmar National Human Rights Commission |
| **TNLA** | - | Ta’ang National Liberation Army |

## ၁။ နိဒါန်း/အစီရင်ခံစာ၏ ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ လူ့အခွင့်အရေး ချိုးဖောက်မှုများ ပျံ့နှံ့ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ မကြာခဏဆိုသလိုပင် လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်သူများသည် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရရှိနေကြသည်။ တရားစီရင်ရေး စနစ်သည် ပါဝါအာဏာ ရှိသူများနှင့် လူချမ်းသာများကိုသာ မျက်နှာသာ ပေးလျက်ရှိပြီး ပြည်သူတို့အား ကာကွယ်စောင့်ရှောက်မှု ပေးရန် ရည်ရွယ်သည့် ဥပဒေများဖြင့် ကာကွယ်စောင့်ရှောက်မှု ပေးရမည့်အစား အများ ထင်သာမြင်သာ ရှိစွာ ထောက်ပြဝေဖန်သူ လူ့အခွင့်အရေး ကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းစာဆရာများနှင့် အခြားလူပုဂ္ဂိုလ်များအပေါ် အလွန် ကြမ်းတမ်းပြင်းထန်ပြီး မျှတခြင်းမရှိသည့် ရေးသားဖော်ပြချက်များဖြင့် မူရင်းရည်ရွယ်ချက်နှင့် ဆန့်ကျင်ပြီး ဥပဒေများကို အသုံးပြုလျက်ရှိသည်။

မျိုးဆက်လှိုင်းအဖွဲ့သည် အထူးသဖြင့် အခြေခံအကျဆုံး အခွင့်အရေးများဖြစ်သည့် မြန်မာ့ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ပြည်သူများ လွတ်လပ်တက်ကြွစွာ ပါဝင်ခွင့်ကို တားဆီးပိတ်ပင်နေသည့် လက်ရှိအချိန်ထိ ဖြစ်ပေါ်နေဆဲဖြစ်သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံသားအခွင့်အရေး ချိုးဖောက်မှု ခေါင်းစဉ်အောက်ရှိ ချိုးဖောက်မှုများကို လေ့လာစောင့်ကြည့်လျက် ရှိသည်။ ထိုချိုးဖောက်မှုများတွင် မတရားဖမ်းဆီး ထောင်ချခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းနှင့် လွတ်လပ်စွာ သွားလာခွင့်ကို ပိတ်ပင် တားဆီးခြင်းတို့လည်း အပါအဝင်ဖြစ်ပြီး ဥပဒေအရ အတိအကျ မသတ်မှတ်ထားသည့် နိုင်ငံသားဖြစ်မှု အခြေအနေကြောင့် ချိုးဖောက်ခံရမှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ထိုချိုးဖောက်မှုများအား အဖြစ်မှန်အတိုင်း မှတ်တမ်းတင်ခြင်းသည်လည်း နည်းပါးလျက်ရှိသည်။

မျိုးဆက်လှိုင်းအဖွဲ့သည် ယုံကြည်အားထားရသည့် သတင်းမီဒီယာ ရင်းမြစ်များထံမှ သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် လေ့လာသုံးသပ်ခြင်းတို့အပြင် ထိုအချက်အလက်များ ပိုမိုပြည့်စုံ ခိုင်မာမှုရှိစေရန် စုံစမ်းမေးမြန်းခြင်းနှင့် အင်တာဗျူးများ ပြုလုပ်ပြီး စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် အများပြည်သူ ပိုမိုစိတ်ဝင်စားမှု ရှိလာစေရန်၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းတို့အတွက် သက်ဆိုင်ရာ အစိုးရများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရေး တိုက်တွန်းနှိုးဆော်ရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်နေသူများအား အရေးယူ အပြစ်ပေးနိုင်စေရန် ဖြစ်သည်။

အထောက်အထား အခြေပြု သတင်းအချက်အလက်များ ပေးခြင်းဖြင့် ဤလူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုများကို အဆုံးသတ်ရန် အရပ်ဖက် အဖွဲ့အစည်း/လူထု၊ မီဒီယာ၊ နိုင်ငံပိုင် အဖွဲ့အစည်းများနှင့် ဌာနများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင် အဖွဲ့အစည်းများ၊ အများပြည်သူနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့၏ နည်းဗျူဟာများ ပိုမိုကောင်းမွန်လာပြီး ထိုချိုးဖောက်မှုများ မဖြစ်ပေါ်အောင် ကာကွယ်ပေးသည့် ဖွဲ့စည်းတည်ဆောက်မှုများနှင့် မူဝါဒများ အစပျိုး သန္ဓေတည်လာနိုင်ရန် ဖြစ်သည်။

## ၂။ အဖွဲ့ နောက်ခံအကျဉ်း

မျိုးဆက်လှိုင်းသည် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသည့် လူငယ်ကျောင်းသား နိုင်ငံရေး တက်ကြွလှုပ်ရှားသူများဖြင့် အောက်တိုဘာလ ၉ရက်၊ ၂၀၀၇ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်း ဖြစ်သည်။ စတင်ဖွဲ့စည်းချိန်ကတည်းက စစ်အစိုးရကို ဖြုတ်ချရန် ရည်ရွယ်ချက်ဖြင့် မြေအောက်နိုင်ငံရေး လှုပ်ရှားမှုများကို အဆက်မပြတ် ဆောင်ရွက်ခဲ့သည်။ အကြမ်းမဖက်နိုင်ငံရေးလှုပ်ရှားမှု သင်တန်းများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး သင်တန်းများလည်း စီစဉ်ပို့ချခဲ့သည်။ အဖွဲ့ဝင် အမြောက်အမြား စစ်အစိုးရ၏ ဖမ်းဆီး ထောင်ချခြင်းများကို ခံခဲ့ရပြီး ၂၀၁၁ ခုနှစ်တွင် ပြောင်းလဲလာသည့် အခြေအနေများအရ မြေပေါ်အဖွဲ့အစည်း တစ်ရပ်အနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် အစပိုင်းမှစ၍ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး အခွင့်အရေး လှုပ်ရှားမှုများကို အဓိကထား လှုပ်ရှားခဲ့သည်။ ပုဒ်မ ၁၈ ပြင်ဆင်ရေး၊ အသင်းအဖွဲ့ဥပဒေ ပြင်ဆင်ရေး၊ အခြေခံဥပဒေ ပြင်ဆင်ရေးတို့အတွက် အခြားသော နိုင်ငံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အဆက်မပြတ် ဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေး ချီတက်ဆန္ဒပြပွဲများ၊ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေး တောင်းဆို လှုပ်ရှားမှုများကို ဆက်လက်လှုပ်ရှားဆဲ ဖြစ်သည်။

ဤလက်ရှိ အစီအစဉ်တွင် ကျွန်ုပ်တို့သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် လူငယ်များအား မြန်မာ့နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်အောင် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးများကို မြှင့်တင်ဆောင်ရွက်လျက် ရှိပါသည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်း နှင့် ဥပဒေနှင့် မူဝါဒ ပြုပြင်ပြောင်းလဲမှုများ၊ လူ့အခွင့်အရေးကို လေးစားလိုက်နာမှုများ၊ အစိုးရဌာနဆိုင်ရာများ၏ တာဝန်ခံမှုများနှင့် နိုင်ငံတော် အဖွဲ့အစည်းများတွင် ဒီမိုကရေစီ ကျင့်သုံးလာနိုင်မှုများ ဖြစ်ပေါ်လာစေရေး တိုက်တွန်းနှိုးဆော် ဆောင်ရွက်လျက် ရှိပါသည်။ စိတ်တူကိုယ်တူ အရပ်ဘက် အဖွဲ့အစည်းများ၊ ကွန်ယက်များနှင့် ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းဖြင့် လုပ်ဆောင်လျက်ရှိသည်။

မျိုးဆက်လှိုင်း အဖွဲ့အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ထားပြီး ၂၀၁၆ နှင့် ၂၀၁၇ တို့တွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေး အစီရင်ခံစာ နှစ်ကြိမ် ထွက်ရှိထားသကဲ့သို့ ၂၀၁၉ တွင်မူ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အစီရင်ခံစာ တစ်ကြိမ် ထွက်ရှိထားသည်။ အခွင့်အရေး ချိုးဖောက်ခံရမှုများထဲမှ အချို့ကို ၂၀၁၉ အောက်တိုဘာလမှ စတင်ပြီး ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ အစီရင်ခံစာအနေဖြင့် ၃ လတစ်ကြိမ် ထွက်ရှိလျက် ရှိပြီး ဤအစီရင်ခံစာသည် အစီအစဉ်၏ ဒုတိယမြောက် အစီရင်ခံစာ ဖြစ်ပါသည်။

## ၃။ နောက်ခံ အခြေအနေ

လူ့အခွင့်အရေးများကို ငြင်းဆန်မှုနှင့် ပိတ်ပင်တားဆီးမှုများသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကပင် တည်ရှိနေခဲ့သည်။ အခြေခံ အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးစီတန်း လှည့်လည်ခွင့်၊ ကိုယ်ပိုင် ပြဋ္ဌာန်း အုပ်ချုပ်ခွင့်နှင့် နိုင်ငံတော်အနေဖြင့် ပြည်သူတို့၏ ဥပဒေပါ အခွင့်အရေးများကို လေးစားလိုက်နာခြင်း စသည့် အခွင့်အရေးများအား ၁၉၆၂ မှ ၁၉၈၈ အထိ စစ်အာဏာရှင် စနစ်အောက်တွင် ပိတ်ပင်တားဆီး ငြင်းဆန်ခဲ့ကြသည်။ ၁၉၈၈ ခုနှစ်၊ လူထုအုံကြွ လှုပ်ရှားမှု အပြီးတွင် နိုင်ငံရေး အကူးအပြောင်းတစ်ရပ် နှေးကွေးစွာ ဖြစ်ပေါ်ခဲ့ပြီး ရလဒ်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ထွက်ပေါ်လာကာ ယခင်ကထက်စာလျှင် လူ့အခွင့်အရေးများအတွက် အာမခံချက်များ ပိုမိုပါဝင်လာခဲ့သည်။ သို့သော်လည်း လူ့အခွင့်အရေးများအတွက် အပြုသဘောဆောင်သည့် အာမခံချက်များတွင် အားနည်းချက်များစွာ ရှိနေပြီး နိုင်ငံရေးအရ လိုအပ်လာပါက ထိုအားနည်းချက်များအား အခွင့်ကောင်းယူကာ အခွင့်အရေးများကို ပိတ်ပင်တားဆီးနိုင်နေဆဲ ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီနိုင်ငံအသွင် ပုံဖော်ထားသော်လည်း စစ်တပ်၏ အာဏာကို ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့ အာဏာ ဆက်လက်တည်မြဲစေရန်အတွက် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်သည်ဟု လေ့လာစောင့်ကြည့်သူ အများအပြားက ဝေဖန်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီးနောက် စစ်ဘက်၊ အရပ်ဘက် ပူးတွဲအုပ်ချုပ်ရေးအသွင်သို့ ကူးပြောင်းခဲ့သည်။ စစ်တပ်မှ နုတ်ထွက်ကာ အရပ်သားအနေဖြင့် နိုင်ငံရေး ဆောင်ရွက်လာကြသော အငြိမ်းစား ဗိုလ်ချုပ်ကြီးများ ခေါင်းဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အာဏာရ အစိုးရ ဖြစ်လာခဲ့ပြီး ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ ဖြစ်လာခဲ့သည်။ ဦးသိန်းစိန် အစိုးရသည် နိုင်ငံတကာမှ နိုင်ငံရေး ထောက်ခံမှုနှင့် မြန်မာပြည်သူလူထုအကြား တရားဝင်မှု ရရှိစေရန် အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသား ၁၂၃၅ ဦးခန့် ပြန်လွှတ်ပေးခြင်း၊ နိုင်ငံရေး လှုပ်ရှားမှုများကို အတိုင်းအတာတစ်ခုထိ ဆောင်ရွက်ခွင့်ပေးခြင်း၊ စာပေစိစစ်ရေး စနစ်ကို ဖျက်သိမ်း၍ သတင်းမီဒီယာများကို လွတ်လပ်စွာ ရေးသားခွင့်ပြုခြင်းများကို အဓိက ဆောင်ရွက်ခဲ့သည်။ သို့သော် ထိုဖြေလျှော့ ပြောင်းလဲမှုများမှာ ဦးသိန်းစိန် အစိုးရ၏ ပရိယာယ်တစ်ခု သဖွယ်သာ ဖြစ်ခဲ့သည်။ အကြောင်းမှာ ဖြေလျှော့ပေးထားသော နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများကို အချိန်မရွေး ကန့်သတ် ရုပ်သိမ်းနိုင်သည့် ဖိနှိပ်သော ဥပဒေများက ထောင်ချောက်ကဲ့သို့ အသင့် နေရာယူထားသောကြောင့် ဖြစ်သည်။

၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲအပြီးတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အာဏာရလာခဲ့ပြီး ဒီမိုကရေစီ လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ပိုမိုအားကောင်း အရှိန်ရလာကာ အရပ်ဖက် အဖွဲ့အစည်းများနှင့် လူထုပါဝင်ခွင့်လည်း ပိုမိုရရှိလာလိမ့်မည်ဟူ၍ အစိုးရသစ်အပေါ် မျှော်လင့်ချက်များ ကြီးမားစွာ ထားရှိခဲ့ကြသည်။ သို့သော်လည်း နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အစိုးရသစ်အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် မကိုက်ညီသည့် ပြည်တွင်းဥပဒေများအား ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်း အလွန် အားနည်းခဲ့သည်။ ထို့ကြောင့် ယနေ့အချိန်အထိ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသူ/ကျောင်းသားများ၊ ဆိုရှယ်မီဒီယာ အသုံးပြုသူများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် အများပြည်သူလူထုအား လိုအပ်ပါက ဥပဒေအမျိုးမျိုး သုံး၍ ရေငုံနှုတ်ပိတ် နေစေခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် တရားစွဲဆိုခြင်းများ လွယ်လင့်တကူ ပြုလုပ်နိုင်နေဆဲပင် ဖြစ်ပြီး ထိုဥပဒေများတွင်

ဆက်သွယ်ရေးဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ မတရား အသင်းဥပဒေ၊ အမျိုးသားလုံခြုံရေး ဥပဒေ၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ အမျိုးမျိုးနှင့် အခြားသော ဥပဒေပုဒ်မများလည်း အပါအဝင် ဖြစ်သည်။ NLD အစိုးရလက်ထက်တွင် ကုလသမဂ္ဂ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) ကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇၊ အောက်တိုဘာတွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ခြင်းသည် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်တစ်ခု ဖြစ်သော်လည်း နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)[1] ကို အတည်ပြု လက်မှတ်ထိုးနိုင်ရေးအတွက် တိုးတက်မှုများမှာ အလွန်အားနည်းပြီး အဓိက စိုးရိမ်ဖွယ်ရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ICCPR ကို လက်မှတ်ရေးထိုးပြီး နိုင်ငံအတွင်း နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများ အားကောင်း ခိုင်မာလာစေရေး ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က အခြေခံအားဖြင့် သဘောတူညီထားသော်လည်း မည်သည့် လက်တွေ့ကျကျ ဆောင်ရွက်မှုများမှ ထွက်ပေါ်မလာသေးပေ။

NLD အစိုးရအနေဖြင့် ဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် တိကျခိုင်မာစွာ ဆောင်ရွက်မှု မရှိခဲ့သော်လည်း လူ့အခွင့်အရေးကို လေးစားလိုက်နာမှုများ တိုးတက်လာရေးအတွက် အရေးအကြီးဆုံးသော အတားအဆီးမှာမူ စစ်တပ်၏ နေရာအနှံ့ ပျံ့နှံ့တည်ရှိနေသည့် အာဏာပင်ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်တပ်သည် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်ဟု ဆိုထားသော်လည်း အမှန်စင်စစ်တွင်မူ စစ်တပ်သည် နိုင်ငံအုပ်ချုပ်သူများအပေါ် တာဝန်ခံခြင်း မရှိသည့် သီးသန့် လွတ်လပ်စွာ တည်ရှိနေသည့် အဖွဲ့အစည်းပင်ဖြစ်သည်။ ထို့အပြင် စစ်တပ်သည် လွှတ်တော်အသီးသီးတွင်လည်း ၂၅ ရာခိုင်နှုန်းသော နေရာကို ရယူထားပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင်လည်း ပါဝင်နေဆဲဖြစ်သည်။ ထိုတပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် ရွေးကောက်တင်မြှောက်ခံစရာ မလိုအပ်သကဲ့သို့ ရွေးကောက်ခံ အရပ်သားအစိုးရက တာဝန်ပေး ခန့်အပ်ခြင်းလည်း မဟုတ်ပါ။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အရေးကြီးသော ပုဒ်မများ ပြင်ဆင်ရန် လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော်၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်နိုင်ပြီး စစ်တပ်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အရေးကြီးသော ပြင်ဆင်ချက်များ မပြုနိုင်ရေး ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။ ထို့ပြင် အင်အားအကြီးဆုံးနှင့် အရေးအကြီးဆုံးဖြစ်သော ဝန်ကြီးဌာန ၃ ခုဖြစ်သည့် ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် နယ်စပ်လုံခြုံရေး ဝန်ကြီးဌာနတို့၏ ပြည်ထောင်စု ဝန်ကြီးများကိုလည်း စစ်တပ်မှ ခန့်အပ်နိုင်ခွင့် ရှိပြီး စစ်တပ်၏ အာဏာကို ပိုမို အားကောင်း ခိုင်မာစေသည်။

လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ နောက်ဆုံး အစီရင်ခံစာတွင် ဤသို့ ဖော်ပြထားသည် ''ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ များအား နည်းစနစ်တကျ ဖိနှိပ်မှုများ ပြုလုပ်နေသည့်အပြင် ကာလ ရှည်ကြာလာပြီဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခများသည် အခြားသော ပြည်နယ်များရှိ တိုင်းရင်းသား လူနည်းစုများ၏ လူ့အခွင့်အရေးများ ချိုးဖောက်ခံရမှုများကိုလည်း ဖြစ်ပွားစေပြီး ၎င်းတို့အထဲတွင် ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီး ထောင်ချခြင်းနှင့် ထိန်းသိမ်းခြင်း၊ နှိပ်စက်ခြင်း၊ အတင်းအဓမ္မ စေခိုင်းခြင်း၊

---

1 In a parliamentary session on 21 May 2019, the MP of Eain Mae' township Daw Than Dar proposed a motion to ratify the ICCPR. The motion was approved by the Pyithu Hluttaw (Myanmar parliament).

လိင်ပိုင်းဆိုင်ရာနှင့် ကျား/မအခြေပြု အကြမ်းဖက်ခြင်း နှင့် အလိုဆန္ဒမပါဘဲ အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းခြင်းတို့ အပါအဝင် ဖြစ်သည်။[2] ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် နယ်သာလန်နိုင်ငံ၊ The Hague မြို့ရှိ ကုလသမဂ္ဂ၏ ICJ တွင် မြန်မာနိုင်ငံအပေါ် စစ်ဆေးမေးမြန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများနှင့်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက် ရှိကာ မြန်မာစစ်တပ်၏ စစ်ဆင်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိနေခြင်းနှင့် တာဝန်ခံမှု မရှိခြင်းတို့ကို ဖြေရှင်းနိုင်ရန် ပြည်တွင်းနှင့် ပြည်ပရှိ လူ့အခွင့်အရေး ဦးဆောင်လှုပ်ရှားနေသူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပြီး မြန်မာနိုင်ငံတွင် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများ အားကောင်း ခိုင်မာလာစေရန် ဖြစ်သည်။

## ၄။ အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ်

*မျိုးဆက်လိုင်း အဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် မတရားဖမ်းဆီး ထောင်ချခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းနှင့် လွတ်လပ်စွာ သွားလာခွင့် ပိတ်ပင်ခံရခြင်းတို့ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းများကို လေးစားလိုက်နာပြီး ဖွင့်ဆိုထားခြင်း ဖြစ်သည်။*

### မတရားဖမ်းဆီး ထောင်ချခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း

လူတစ်ဦး၏ လွတ်လပ်ခွင့်အား နိုင်ငံတော်ကို ကိုယ်စားပြုသူ (State Actor) က မတရား ဆုံးရှုံးစေသည့်အခါ မတရားဖမ်းဆီး ထောင်ချခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းဟု သတ်မှတ်သည်။ ထိန်းသိမ်းခြင်းနှင့် ဖမ်းဆီးခြင်းတို့သည် သင့်လျော်မှု၊ တရားမျှတမှု၊ ကြိုတင်သိရှိရမှု၊ လုပ်ရပ်နှင့် သင့်လျော်သည့် အရေးယူမှု ဖြစ်သင့်သော်လည်း မတရားဖမ်းဆီး ထောင်ချခြင်းနှင့် ထိန်းသိမ်းခြင်းတို့သည် ထိုစံချိန်စံညွှန်းများအား လေးစားလိုက်နာခြင်း မရှိပါ။

ကျွန်ုပ်တို့ လေ့လာဆန်းစစ်မှုတွင် အောက်ပါတို့နှင့် ကိုက်ညီပါက မတရားဖမ်းဆီး ထောင်ချခြင်းနှင့် ထိန်းသိမ်းခြင်းဟု ယူဆသည် –

- တရားဥပဒေရှေ့တွင် ကျောသားရင်သား မခွဲခြားဘဲ တန်းတူညီခွင့်၊ မျှတမှုရှိပြီး အများသိရှိနိုင်သည့် တရားခွင် ကြားနာစစ်ဆေးခြင်းများ၊ လွတ်လပ်စွာ သွားလာခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်၊ အစိုးရတွင် ပါဝင်ဆောင်ရွက်ခွင့်နှင့် ပွင့်လင်း လွတ်လပ်သည့် ရွေးကောက်ပွဲများတွင် ပါဝင်ခွင့် စသည့် အပြည်ပြည်

2 Annual report of the United Nations High Commissioner for Human Rights and reports of the Office of the High Commissioner and the Secretary-General: Situation of human rights of Rohingya Muslim minority and other minorities in Myanmar, 27 January 2020

ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် အသိအမှတ်ပြု လက်ခံထားသည့် လူတစ်ဦး၏ အခွင့်အရေးများ သို့မဟုတ် လွတ်လပ်ခွင့်များကို ကျင့်သုံးမှုကြောင့် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ခံရလျှင်။ ထို့အပြင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးရန် သဘောတူထားသည့် ICCPR တွင် အသိအမှတ်ပြု လက်ခံထားသော အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ သွားလာခွင့်၊ လွတ်လပ်စွာ တွေးခေါ်ယုံကြည် ကိုးကွယ်ခွင့်၊ အနှောင့်အယှက် အတားအဆီးမရှိဘဲ ထင်မြင်ယူဆချက်ကို ဆုပ်ကိုင်ခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်၊ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်၊ တရားဥပဒေရှေ့တွေ ကျောသားရင်သား မခွဲခြားဘဲ တန်းတူညီခွင့်၊ လူနည်းစုအပေါ် အကာအကွယ်ပေးရေး စသည့် အခွင့်အရေးများ ကျင့်သုံးမှုကြောင့် ဖမ်းဆီးခံရခြင်းနှင့် ထိန်းသိမ်းခြင်း ဖြစ်ပေါ်လျှင်

- ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းတွင် မွေးဖွားရာ၊ လူမျိုး၊ တိုင်းရင်းသား သို့မဟုတ် မူလ လာရာဇာတိ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ စီးပွားရေးအခြေအနေ၊ နိုင်ငံရေး သို့မဟုတ် အခြားသော ထင်မြင်ယူဆချက်၊ ကျား/မ ဖြစ်ခြင်း၊ လိင်စိတ်ခံယူမှု၊ မသန်စွမ်းမှု စသည့် အခြေအနေများအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံမှု ပါဝင်လျှင်
- နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တရားမျှတမှုရှိသော ကြားနာစစ်ဆေးမှု စံနှုန်းများ မတွေ့ရှိပါလျှင်
- ပြည်တွင်း ရွှေ့ပြောင်းခံရသူ IDPs များ၊ ဒုက္ခသည်များ၊ နိုင်ငံခြားတိုင်းပြည်သို့ ရာသက်ပန် သွားရောက်ရွှေ့ပြောင်း နေထိုင်သူများနှင့် နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများအား စီမံအုပ်ချုပ်မှုပိုင်းအရ သို့မဟုတ် တရားစီရင်မှုပိုင်းအရ ပြန်လည် လေ့လာသုံးသပ်ခွင့် သို့မဟုတ် ကုစားခွင့် မပေးဘဲ စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ရှည်ကြာလွန်းသည့် ထိန်းသိမ်းထားမှုများ ဖြစ်ပေါ်လျှင်
- လူတစ်ဦး၏ လွတ်လပ်ခွင့်ကို ဥပဒေကြောင်းအရ မဟုတ်ဘဲ ဆုံးရှုံးစေလျှင် – ဥပမာ လူတစ်ဦးအနေဖြင့် သတ်မှတ် ပြစ်ဒဏ်/ထောင်ဒဏ်ကို အပြည့်အဝ ခံယူပြီးဖြစ်သော်လည်း ဆက်လက်ထိန်းသိမ်း ခံထားရလျှင် သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေဖြင့် လွတ်ငြိမ်းခွင့် ရှိပါလျက် ဆက်လက်ထိန်းသိမ်း ခံထားရလျှင်
- အကျဉ်းသားများသည် ၎င်းတို့၏ ထောင်ဒဏ်ကို ပြီးဆုံးသည်အထိ ခံယူပြီးသော်လည်း ပြည်တွင်းဥပဒေက အစိုးရအား ထောင်ဒဏ်ဆက်လက်တိုးမြှင့်ခွင့် ပေးထားလျှင်
- ဖမ်းဆီးသူ အာဏာပိုင်များသည် ဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု မရှိခြင်း – ဥပမာ ဖမ်းဝရမ်းရှိခြင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် အချိန်အတွင်း စွဲချက်တင်ခြင်း၊ ရှေ့နေငှားခွင့် ပြုခြင်းနှင့် မိသားစုနှင့် တွေ့ဆုံခွင့်ပေးခြင်း၊ တရားခွင်တွင် စစ်ဆေးမှု မစတင်မီ အချိန်သတ်မှတ်ချက်များအား လိုက်နာခြင်း စသည်တို့ကို လေးစားလိုက်နာခြင်း မရှိလျှင်
- မျှတသည့် အမှုစစ်ဆေးကြားနာခွင့် မရှိပါလျှင်
- တပ်မတော် ဥပဒေ၊ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေတို့နှင့် ကိုက်ညီခြင်းမရှိဘဲ စစ်တပ်က ဖမ်းဆီးလျှင် သို့မဟုတ် ထိန်းသိမ်းလျှင် . . .

မတရားဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ခံရသူများသည် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်သည့် ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ သတင်းအစအန ပျောက်၍ ပျောက်ကွယ်သွားခြင်း၊ နှိပ်စက်ခြင်းနှင့် အခြား လူမဆန် ရက်စက်သည့် အရှက်ရ သိမ်ငယ်စေသည့် ဖိနှိပ်ဆက်ဆံမှုများကိုလည်း ကြုံရနိုင်ခြေ အလွန်မြင့်ကြောင်း ယေဘုယျအားဖြင့် သိရှိရသည်။ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေသည့် အခြေအနေတွင် ဤဖော်ပြချက်များမှာ မှန်ကန်လှသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ ဥပဒေများနှင့် ကိုက်ညီမှုမရှိသည့် ဥပဒေများ ဆက်လက်တည်ရှိနေပြီး ၎င်းတို့ကို အသုံးပြု၍ မတရား ဖမ်းဆီးမှုများ မကြာခဏ ပြုလေ့ရှိသည်။ အထူးသဖြင့် တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် သတင်းစာဆရာများအား ခြိမ်းခြောက်ခြင်း၊ ထိပါးနှောင့်ယှက်ခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို ဆက်သွယ်ရေးဥပဒေ (ပုဒ်မ ၆၆ ဃ)၊ ရာဇသတ်ကြီးဥပဒေ (ပုဒ်မ ၅၀၅ ခ၊ ဂ – သတင်းအချက်အလက်၊ ကောလဟာလနှင့် အစီရင်ခံစာများ ရေးသားခြင်း၊ ပုံနှိပ်ခြင်း သို့မဟုတ် ဖြန့်ဝေခြင်း)၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ပုဒ်မ ၁၈၊ ၁၉)၊ မတရားအသင်း ဥပဒေ (ပုဒ်မ ၁၇(၁) နှင့် (၂)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀ (ည)၊ ၅၂ (က) (ခ) နှင့် (ဂ) စသော ဥပဒေပုဒ်မများဖြင့် ပြုလုပ်လေ့ရှိကြသည်။

## ဥပဒေမဲ့ သတ်ဖြတ်ခြင်း

ဥပဒေမဲ့ သတ်ဖြတ်ခြင်းသည် လူသားတို့၏ အခြေခံအကျဆုံး အခွင့်အရေးတစ်ခုဖြစ်သည့် အသက်ရှင်နေထိုင်ခွင့်ကို ပျက်စီးဆုံးရှုံးစေခြင်း ဖြစ်ပြီး နိုင်ငံတိုင်းသည် အခြေခံအားဖြင့် ထိုအခွင့်အရေးကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်။ ဥပဒေမဲ့ သတ်ဖြတ်ခြင်းကို နိုင်ငံတော် ကိုယ်စားပြုသူများက တရားစီရင်ရေးစနစ် ပြင်ပတွင် ကျူးလွန်လေ့ ရှိကြသကဲ့သို့ နိုင်ငံတော်ကို ကိုယ်စားမပြုသူများ ဖြစ်ကြသည့် ပြည်သူ့စစ်များ၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အခြားသော အဖွဲ့အစည်းများကလည်း နိုင်ငံတကာ လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်း မရှိဘဲ ကျူးလွန်လေ့ရှိကြသည်။

အနှိပ်စက်ခံရခြင်း၊ (အကျဉ်းထောင်များ၊ ရဲစခန်းများ၊ စစ်တပ်စခန်းများနှင့် အခြားနေရာများတွင်) လူမဆန်စွာ ဆက်ဆံခြင်း သို့မဟုတ် အင်အားသုံး အကြမ်းဖက်ခြင်း၊ နိုင်ငံရေးအရ လုပ်ကြံခြင်း၊ သင့်လျော်သည့် တရားစီရင်မှု မရှိဘဲ သေဒဏ်စီရင်ခြင်းနှင့် လူမျိုးတုံး သတ်ဖြတ်ခြင်းတို့ကြောင့် သေဆုံးရခြင်းဖြစ်သည်။

လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ဥပဒေနှင့်အညီ သတ်ဖြတ်မှုများ ကျူးလွန်နေခြင်းသည် ဥပဒေမဲ့ သတ်ဖြတ်ခြင်း ဖြစ်သော်လည်း ထိုဖြစ်ရပ်များကို ဥပဒေနှင့် ညီသည်ဟု စဉ်းစားမှုများ ရှိနေနိုင်သည်။ စစ်ပွဲဆိုင်ရာ လုပ်ဆောင်မှုများကို ထိန်းကျောင်းကြပ်မတ်သည့် မြန်မာ့တပ်မတော် ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေတို့နှင့်အညီ စစ်တပ်နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ ဥပဒေမဲ့ သတ်ဖြတ်နေမှုများအား ဆန်းစစ်ရမည်ဖြစ်သည်။ ဤအစီရင်ခံစာတွင် တိုက်ခိုက်မှုအတွင်း သေဆုံးသွားသော ဖြစ်စဉ်များကို ထည့်သွင်းမထားပေ။

## လွတ်လပ်စွာ သွားလာခွင့်ကို ချိုးဖောက်ခြင်းများ

လွတ်လပ်စွာ သွားလာခွင့်ကို ချိုးဖောက်ခြင်းများတွင် နိုင်ငံသားတစ်ဦး၏ မိမိနိုင်ငံအတွင်း ခရီးသွားလာခွင့်၊ နေထိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့်ကို တားဆီးပိတ်ပင်ခြင်း၊ နိုင်ငံရပ်ခြားသို့ သွားရောက်ခွင့်ကို ပိတ်ပင်တားဆီးခြင်းနှင့် သွားရောက်ပြီးပါကလည်း မိခင်နိုင်ငံသို့ ပြန်လာခွင့်မပြုခြင်း စသည်တို့ ပါဝင်သည်။ နိုင်ငံအတွင်း သို့မဟုတ် နိုင်ငံပြင်ပတွင် လွတ်လပ်စွာ သွားလာခွင့်ကို ပိတ်ပင်တားဆီးသူများမှာ အများအားဖြင့် နိုင်ငံတော် ကိုယ်စားပြုသူများ ဖြစ်သည်။ လွတ်လပ်စွာ သွားလာမှုကို ကန့်သတ်မှုများတွင် – ခရီးသွားလာနိုင်ရန် အထောက်အထား လက်မှတ်များ ထုတ်မပေးခြင်းနှင့် ခွင့်ပြုချက် မပေးခြင်း၊ အတင်းအဓမ္မ နေရာရွှေ့ပြောင်းခိုင်းခြင်းနှင့် IDPs များအား ၎င်းတို့ မူလဌာနေ ကျေးရွာများဆီသို့ ပြန်ခွင့်မပြုခြင်းတို့လည်း အပါအဝင်ဖြစ်သည်။ လူနည်းစု အုပ်စုများဖြစ်သည့် ဥပမာ – မူဆလင်နှင့် ရိုဟင်ဂျာများအတွက် မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်သည် စိန်ခေါ်မှု အခက်အခဲများစွာ ရှိပြီး ခရီးသွားလာခွင့် ကန့်သတ်မှုများသည်လည်း မှတ်ပုံတင်နှင့် အခြား အထောက်အထားများ မရှိသည့်အတွက် ဖြစ်ရာ ဤချိုးဖောက်မှုများအား ဖွဲ့စည်းတည်ဆောက်မှု စနစ်အတွင်း နည်းစနစ်ကျစွာ ကျူးလွန်နေသည့် ခွဲခြားဆက်ဆံမှုအဖြစ်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်း လုံခြုံမှု မရှိအောင်၊ ဝင်ငွေရ အခွင့်အလမ်းများ မရှိအောင်နှင့် ပြည်သူ့ဝန်ဆောင်မှုများ မရရှိနိုင်အောင် ဖယ်ကျဉ်ထားခြင်း အဖြစ်လည်းကောင်း ရှုမြင်သုံးသပ်ရမည် ဖြစ်သည်။

ထို့အပြင် အခြားသော တိုင်းရင်းသား လူနည်းစုများနှင့် ဘာသာရေးအရ လူနည်းစုများ၊ သွေးနှောများ[3] သည်လည်း ၎င်းတို့၏ လွတ်လပ်စွာ သွားလာခွင့်ကို ကျင့်သုံးရာတွင် စိန်ခေါ်မှု အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ မျိုးဆက်လှိုင်းအဖွဲ့၏ သုတေသနအရ ဖြေကြားသူ စုစုပေါင်း၏ ၆၄ ရာခိုင်နှုန်းသည် ခရီးသွားရန်အတွက် မရှိမဖြစ် လိုအပ်သည့် နိုင်ငံသားမှတ်ပုံတင်ကတ် လျှောက်ထား[4] ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း တွေ့ရှိရသည်။

---

3 Generation Wave, *The Challenges of Racial and Religious Minorities in Accessing National Registration Cards and Passports.* Yangon, March 2020.

4 Generation Wave, *The Challenges of Racial and Religious Minorities in Accessing National Registration Cards and Passports.* Yangon, March 2020.

https://drive.google.com/file/d/1-9ToPsnAQRilw8VntV9nAYtdh4rj7tZu/view?usp=sharing

## ၅။ မှတ်တမ်းကောက်ယူမှု နည်းလမ်းများ

ဤအစီရင်ခံစာကို ရေးသားရာတွင် မျိုးဆက်လိုင်းအဖွဲ့သည် ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီး ထောင်ချခြင်းနှင့် လွတ်လပ်စွာ သွားလာခွင့်တို့ကို ပိတ်ပင်တားဆီးခြင်း စသည့် အကြောင်းအရာ (၃) ရပ်နှင့်ပတ်သက်သည့် အခြေခံ သတင်းအချက်အလက်များကို Ethnic Based Media များဖြစ်သည့် – Chin World Media, Hinthar Media, Kachin News Group, Kantarawaddy Times, Karen Information Center, Khonumthung News, Mon New Agency, Narinjara News, Shan Herald Agency for News, Development Media Group နှင့် National Wide Media များဖြစ်သည့် – BBC, VOA, RFA, DVB, Mizzima, Myanmar Now, Irrawaddy, 7 Day News, Daily Eleven, Frontier Myanmar တို့တွင် နေ့စဉ် တင်ပြသည့် သတင်းတင်ဆက်မှုများမှ ရယူခဲ့သည်။

နောက်ဆက်တွဲ သတင်းအချက်အလက်များနှင့် မြေပြင် အခြေအနေများကို သိရှိနိုင်ရန် ကွင်းဆင်းလေ့လာမှု ပြုလုပ်ခြင်း၊ ဖြစ်စဉ်များတွင် ကိုယ်တိုင် ကြုံတွေ့ခဲ့ရသူများ၊ မိသားစုဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ဥပဒေပညာရှင်များနှင့် တွေ့ဆုံမေးမြန်း၍ သတင်းအချက်အလက်များ ရယူရေးသားခြင်း ဖြစ်သည်။

မှတ်ချက် – အကြောင်းထူးဖြစ်ရပ်များ (Incidents) သည် တစ်ခုချင်းစီ ဖြစ်ပွားသည့် ဖြစ်ရပ်များ (Single Events) ဖြစ်ပြီး အဆင့်ဆင့် ထိခိုက်မှုများသည့် Case အဖြစ် စုပေါင်းဖြစ်တည်လာကာ Incidents တွင် ပါဝင်သည့် လူများစွာအား ထိခိုက်နိုင်သည်။


## ၆။ ကန့်သတ်ချက်များ

ဤအစီရင်ခံစာအတွက် သတင်းအချက်အလက်များအား ၁၅၊ ဒီဇင်ဘာ၊ ၂၀၁၉ မှ ၁၅၊ မတ်လ၊ ၂၀၂၀ အထိ သတင်းမီဒီယာ (၂၀) ခုတွင် ရေးသားဖော်ပြထားမှုများမှ အခြေခံ ရယူခဲ့ပြီး နောက်ဆက်တွဲ သတင်းအချက်အလက် ရယူမှုများကို ဖုန်းဖြင့် အင်တာဗျူးများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ လက်နက်ကိုင် ပဋိပက္ခများနှင့် ဆက်စပ်နေသည့် နေရာများမှ သတင်းအချက်အလက် ရယူရန် ခက်ခဲမှု၊ တွေ့ဆုံရမည့်သူများနှင့် တွေ့ရှိနိုင်ရန် ခက်ခဲမှုတို့ကြောင့် တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသည့် ကိစ္စရပ်များအား လွှမ်းခြုံနိုင်ခြင်း မရှိပါ။ ထို့ကြောင့် မြေပြင်တွင် အမှန်တကယ် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များသည် ဤအစီရင်ခံစာတွင် ဖော်ပြထားသည်ထက်ပို၍ များနိုင်ခြေရှိသည်။


ပုံမှန်အားဖြင့် နောက်ဆက်တွဲ သတင်းအချက်အလက်များနှင့် မြေပြင်အခြေအနေများကို သိရှိနိုင်ရန် ကွင်းဆင်းလေ့လာမှု ပြုလုပ်ခြင်း၊ ဖြစ်စဉ်များတွင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများ၊ မိသားစုဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ဥပဒေပညာရှင်များနှင့် တွေ့ဆုံမေးမြန်း၍ သတင်းအချက်အလက်များ ရယူရေးသားခြင်း ဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ပျံ့နှံ့ဖြစ်ပွားမှုများနှင့် ထိန်းချုပ်နိုင်ရန် စည်းကမ်းချမှတ်ဆောင်ရွက်မှုများကြောင့် ဤအစီရင်ခံစာအတွက် ယခင်ကကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရန် အခက်အခဲကြုံခဲ့ရသည်။ ကျွန်ုပ်တို့ ရရှိထားသည့် အချက်အလက်များနှင့် လေ့လာသုံးသပ်မှုများအား ပိုမိုအားကောင်း ခိုင်မာစေရန်အတွက် ဖုန်းဖြင့် အင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။

## ၇။ သတင်းမီဒီယာအပေါ် အခြေပြု လေ့လာမှုမှ တွေ့ရှိရသည့် အချက်အလက်များနှင့် လေ့လာသုံးသပ်ချက်များ


၂၀၁၉၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၂၀၊ မတ်လ ၁၅ ရက်နေ့အထိ သတင်းမီဒီယာ (၂၀) ခုမှ အခြေခံ အချက်အလက်များကို ရယူ လေ့လာခဲ့ရာတွင် ဥပဒေမဲ့ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ် (၂၀) ခု၊ မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ် အပြစ်ပေးခြင်း ဖြစ်စဉ် (၂၉) ခုနှင့် လွတ်လပ်စွာ သွားလာခွင့် ပိတ်ပင်ခံရပြီး အရေးယူခံရသည့် ဖြစ်စဉ် (၃) ခု ဖြစ်ပွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်များတွင် ထိခိုက်ခံစားခဲ့ရသူဦးရေ စုစုပေါင်း (၂၅၆) ဦးအထိ ရှိခဲ့သည်။ *ပုံ (၁)၊ ပုံ (၂)။*




**ပုံ (၁)။ ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီး ထောင်ချခြင်းနှင့် လွတ်လပ်စွာ သွားလာခွင့်တို့ကို ပိတ်ပင်တားဆီးခြင်း စသည့် ကိစ္စရပ်များ ဖြစ်ပွားခဲ့သည့် အခြေအနေများ**




**ပုံ (၂)။ ထိခိုက်ခံစားခဲ့ရသည့် လူဦးရေစာရင်း**



## ၇.၁။ ဥပဒေမဲ့ သတ်ဖြတ်ခြင်း

ဒီဇင်ဘာလ ၁၅ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့အထိ ဥပဒေမဲ့ သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် (၂၀) ခု ရှိခဲ့ပြီး ချင်းပြည်နယ်တွင် ဖြစ်စဉ် (၁) ခု၊ ရခိုင်ပြည်နယ်တွင် ဖြစ်စဉ် (၁၀) ခု၊ ရှမ်းပြည်နယ်တွင် ဖြစ်စဉ် (၉) ခုတို့ အသီးသီး ဖြစ်ပွားခဲ့ကြသည်။ အဆိုပါဖြစ်စဉ်များအတွင်း လူ (၃၃) ဦး သေဆုံးခဲ့ပြီး ချင်းပြည်နယ်တွင် (၃) ဦး၊ ရခိုင်ပြည်နယ်တွင် (၁၇) ဦး၊ ရှမ်းပြည်နယ်တွင် (၁၃) ဦးတို့ ဥပဒေမဲ့ သတ်ဖြတ်ခံခဲ့ရသည်။ ရှမ်းပြည်နယ်တွင် သတ်ဖြတ်ခံခဲ့ရသည့် (၁၃) ဦးအနက် (၁) ဦးမှာ အစိုးရဝန်ထမ်း မူလတန်းပြ ကျောင်းဆရာမ ဖြစ်ပြီး ဥပဒေမဲ့ သတ်ဖြတ်ခံရသည့် တစ်ဦးတည်းသော အမျိုးသမီးလည်း ဖြစ်သည်။ ပုံ (၃)


ဥပဒေမဲ့ သတ်ဖြတ်မှု ဖြစ်စဉ်များတွင် ကျူးလွန်သူ အများစုကို မသိရပါ။ မည်သည့်အဖွဲ့အစည်းက ကျူးလွန်သည်ကို အဖြေရှာမတွေ့သော ဖြစ်စဉ် (၁၂) ခု ရှိခဲ့သည်။ သေဆုံးခဲ့သည့် ဖြစ်စဉ်များတွင် တပ်မတော်မှ ကျူးလွန်ခဲ့သည့် ဖြစ်စဉ် (၅) ခု ရှိခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သော ရက္ခိုင့်တပ်မတော် (AA) မှ ကျူးလွန်သည့်ဖြစ်စဉ် (၁) ခုနှင့် တအောင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) မှ ကျူးလွန်သည့်ဖြစ်စဉ် (၂) ခု ရှိခဲ့သည်။ ဥပဒေမဲ့ သတ်ဖြတ်မှုဖြစ်စဉ် အားလုံးတွင် သားကောင်အဖြစ် နစ်နာဆုံးရှုံးရသူများမှာ သာမန်အရပ်သားများ ဖြစ်ကြသည်။ ပုံ (၄)

လေ့လာသုံးသပ်ခဲ့သည့် အချက်အလက်များအရ မည်သည့်အဖွဲ့အစည်းက ကျူးလွန်သည်ကို အဖြေရှာမတွေ့သော ဖြစ်စဉ် (၁၂) ခု ရှိခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဖြစ်စဉ် (၅) ခုနှင့် ရှမ်းပြည်နယ်တွင် (၇) ခုတို့ ဖြစ်သည်။ အခြားသော တိုင်းနှင့်ပြည်နယ်များတွင် ဥပဒေမဲ့ သတ်ဖြတ်မှုများ မတွေ့ရှိခဲ့ပါ။ ရခိုင်ပြည်နယ်ရှိ ဖြစ်စဉ် (၅) ခုတွင် အရပ်သား (၅) ဦး၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်စပ်သူ (၂) ဦးနှင့် ရဲ (၁) ဦး သေဆုံးခဲ့သည်။ ရှမ်းပြည်နယ်ရှိ ဖြစ်စဉ် (၇) ခုတွင် အရပ်သား (၃)ဦး၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်သူ (၁) ဦး၊ ပြည်သူ့စစ် (၁) ဦးနှင့် အမည်မဖော်ထုတ်နိုင်သည့် လူ (၇) ဦး သေဆုံးခဲ့သည်။


### ၇.၁.၁။ စစ်တပ်၏ ကျူးလွန်မှုများ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၌ ဖေဖော်ဝါရီလ ၂၉ ရက်နေ့၊ မနက် ၈ နာရီခန့်တွင် တပ်မတော်မှ ဖမ်းဆီးသွားပြီးနောက်ပိုင်း ရဲစခန်းသို့ လွှဲပြောင်းအပ်နှံခြင်းလည်း မရှိ၊ တရားစွဲဆိုထားခြင်းလည်း မရှိဘဲ လက်စပျောက်နေသူ ဦးစံရွှေသန်း (ခ) အသန်းချေ၏ သမီးဖြစ်သူ မမြနှင်းဝေက *''မနက် ၈ နာရီလောက်မှာ အိမ်က ထွက်သွားတယ်။ ၉ နာရီခွဲလောက်မှာ သူသွားတဲ့လမ်းမှာ သေနတ်ဖောက်တဲ့အသံတွေ ကြားရတော့ အဲ့ဒီအချိန်မှာ အမေက စိတ်ပူပြီး ဖုန်းလှမ်းဆက်တော့ ဖုန်းပြောလို့မရသေးဘူး၊ သူပုန်းနေရတယ်လို့ ပြောတယ်၊ အမေက နောက်တစ်ခေါက် ဖုန်းထပ်ဆက်တော့ ဗမာသံနဲ့ ဖုန်းကိုင်တဲ့သူက ညနေကျမှ အကြောင်းပြန်မယ် အဲ့လိုပဲ ပြန်ပြောတယ်။ ၂၉ ရက်နေ့ကတည်းက ပျောက်သွားတာ၊ အဆက်အသွယ် ပြတ်သွားတာ၊ ၆ ရက်နေ့လား မသိဘူး၊ ၁၅ ယောက်မှာ ၁၄ ယောက်ကို ရဲစခန်းကို လာပို့တယ်။ အဲ့မှာ အဖေက ပါမလာဘူး၊ စိတ်ပူပြီး သက်ဆိုင်ရာတွေကိုလည်း စုံစမ်းတယ်၊ ဘယ်လိုမှ ရှာလို့မရဘူး။ ညီမတို့ သတင်းကြားတာကတော့ ၁၄ ယောက်ကလည်း ပြောတယ်၊ အဖေ့ကို စစ်ဆေးတုန်းက လက်လွန်သွားတယ်ပေါ့။ သတ်လိုက်လို့ဆိုတဲ့ အမိန့်အသံတွေလဲ သူတို့ကြားတယ်တဲ့''* ဟု သူမ၏ဖခင် ဖမ်းဆီးခံရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ပြောပြသည်။ ၎င်းတို့မိသားစုအနေဖြင့် ဖခင် ဖမ်းဆီးခံရပြီးနောက်ပိုင်းတွင် ပြည်နယ်အစိုးရနှင့် အခြားအုပ်ချုပ်ရေး အာဏာပိုင်များထံသို့ လူ့အခွင့်အရေး

**ပုံ (၃)။ ဥပဒေမဲ့ သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည့် ပြည်နယ်များနှင့် ဖြစ်စဉ်များ**




**ပုံ (၄)။ ဥပဒေမဲ့ သတ်ဖြတ်မှု ဖြစ်စဉ်များအား ကျူးလွန်သူများ**



တက်ကြွလှုပ်ရှားသူများ၏ အကူအညီကို ရယူကာ စုံစမ်းခဲ့သော်လည်း အကြောင်းပြန်ကြားမှု မရှိဟု သိရသည်။ လက်ရှိတွင် ၎င်းတို့ မိသားစုတွင် ဖခင် ပျောက်ဆုံးသွားသည့် နောက်ပိုင်း မိသားစု စားဝတ်နေရေး အခက်အခဲ၊ မိသားစု လုံခြုံရေး အခက်အခဲများကိုပါ ရင်ဆိုင်နေရကြောင်း သိရသည်။

ထိုကဲ့သို့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ စစ်တပ်အနေဖြင့် တစ်စုံတစ်ရာ တာဝန်ယူ ဆောင်ရွက်မှုမျှ မရှိသည်ကို တွေ့ရပြီး ထိုဖြစ်စဉ်များ ရပ်တန့်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရ အဖွဲ့တို့မှ ကြိုးပမ်းဆောင်ရွက်သည်ကိုလည်း မတွေ့ရှိရကြောင်း ရခိုင်ပြည်နယ်မှ နယ်မြေခံ သတင်းထောက်များ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဝေဖန်ပြောဆိုလျက် ရှိကြသည်။

အထက်ပါဖြစ်စဉ်တွင် ကူညီဆောင်ရွက်ပေးခဲ့သူ ရခိုင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ အဖွဲ့မှ ဦးမြတ်ထွန်းက “*ကျွန်တော်ကြားတာက အထုပ်သယ်မ ရွာမှာက မမြနှင်းဝေရဲ့ အဖေကို ၁၅ ယောက် ဖမ်းသွားတဲ့အထဲမှာ ၁၄ ယောက်ပဲ ရဲစခန်းကို ပို့တယ်၊ သူ့အဖေက မပါလားဘူး ဆိုပြီးတော့ သတင်းကြားတဲ့အခါ စုံစမ်းတဲ့အခါကျတော့ မြောက်ဦးတပ်ရင်းတစ်ခုမှာ ရိုက်နှက်စစ်ဆေးရင်းနဲ့ ဆုံးသွားတယ်ဆိုတာ ကြားတယ်၊ ဒီဟာတွေဟာ စစ်ရာဇဝတ်မှု ချိုးဖောက်တာလို့ ကျွန်တော်တို့ သုံးသပ်ပါတယ်*” ဟု ရခိုင်ပြည်နယ်ရှိ ဥပဒေမဲ့ သတ်ဖြတ်ခံနေရသည့် အခြေအနေများကို ပြောပြသည်။

### ၇.၁.၂။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကျူးလွန်မှုများ

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့်လည်း ဥပဒေမဲ့ သတ်ဖြတ်မှု ကျူးလွန်ခြင်းများ ရှိနေသည်။ တအောင်း (ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) မှ ၎င်းတို့ ပါဝင်ပတ်သက် ကျူးလွန်သည့်ဖြစ်စဉ် (၂) ခု ရှိခဲ့သည်။ ပထမဖြစ်စဉ်မှာ ဇန်နဝါရီလ ၇ ရက်နေ့တွင် တာမိုးညဲမြို့မှ ဆိုင်ကယ်ဖြင့် ပြန်လာသည့် အမျိုးသားနှစ်ဦးအား တအောင်း(ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တပ်ဖွဲ့ဝင်များ စစ်ဆေးရန် တားဆီးစဉ် ရပ်တန့်ခြင်း မရှိသောကြောင့် ပစ်ခတ်ခဲ့ရာ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တအောင်း (ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) က မှားယွင်းပစ်ခတ်မိကြောင်း ဝန်ခံခဲ့ကာ ငွေကျပ် ၁၀ သိန်းနှင့် ဆန် ၁၀ အိတ် လာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ဒုတိယဖြစ်စဉ်မှာ ဇန်နဝါရီလ ၂၄ ရက်၊ ည ၇ နာရီ ဝန်းကျင်တွင် TNLA တပ်သား မိုင်းဖိုးစိန်သည် ဟွေခုတ်ကျေးရွာ၊ မူလတန်းပြ ကျောင်းဆရာမလေး မြမွှေးအောင်ကို သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ မိုင်းဖိုးစိန်အား မတ်လ ၉ ရက်နေ့တွင် ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခဲ့ကြောင်း တအောင်း (ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) က ပြောကြားခဲ့သည်။

အလားတူပင် ရက္ခိုင့်တပ်မတော် (AA) အနေဖြင့်လည်း ချင်းပြည်နယ်တွင် လူ့အခွင့်အရေး ချိုးဖောက်သည့် ဖြစ်စဉ်များ ရှိနေကြောင်း၊ ရက္ခိုင့်တပ်မတော် (AA) အနေဖြင့် ၎င်း၏ ယန္တရားအတွင်းမှ ပါဝင်သူများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထိရောက်စွာ တားဆီးရန် လိုအပ်ကြောင်း ချင်းပြည်နယ်ရှိ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်သူများက ဆိုသည်။

ဇန်နဝါရီလ ၇ ရက်နေ့တွင် AA မှ ဖမ်းဆီးသွားခဲ့သည့် အသက် ၅၅ နှစ်အရွယ် ကျောင်းဆရာ ဦးအာဗေလနှင့် ကျေးရွာသား နှစ်ဦး သေဆုံးသွားခဲ့ကြောင်း ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကောင်စီ (KACC) က ထုတ်ပြန်ခဲ့သည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ရက္ခိုင့်တပ်မတော် (AA) မှ ပြောရေးဆိုခွင့်ရှိသူ ဦးခိုင်သုခက ဖမ်းဆီးခြင်း မပြုလုပ်ခဲ့သလို သတ်ဖြတ်မှုလည်း မလုပ်ခဲ့ကြောင်း ငြင်းဆိုခဲ့သည်။ Ref: https://khonumthung.org/?p=8392 သို့သော် ချင်းပြည်နယ်မှ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများက အဆိုပါ သတ်ဖြတ်မှုမှာ ရက္ခိုင့်တပ်မတော် (AA) ပတ်သက်မှုရှိကြောင်း အခိုင်အမာ ပြောဆိုကြသည်။ ထို့ပြင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခ အကြားတွင် တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA) နှစ်ဖက်စလုံးမှ ချင်းတိုင်းရင်းသားများအား လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေကြောင်း ချင်းလူ့အခွင့်အရေး အသိုင်းအဝိုင်းမှ ဆိုသည်။

ရက္ခိုင့်တပ်မတော် (AA) အနေဖြင့် ပဋိပက္ခ နယ်မြေအတွင်းရှိ အရပ်သားများအား အကာအကွယ်ပေးရန်နှင့် ၎င်း၏ ယန္တရားအတွင်းမှ ပါဝင်သူများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထိရောက်စွာ တားဆီးရန် လိုအပ်သည်။

*“အေအေက လူ့အခွင့်အရေး ချိုးဖောက်တာတွေ ရှိတယ်၊ တပ်က ချိုးဖောက်တဲ့ ကိစ္စရပ်တွေလည်း ရှိတယ်”* ဟု အမည်မဖော်လိုသူ ချင်းတိုင်းရင်းသား လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူ တစ်ဦးက ပြောသည်။

## ကိန်းဂဏန်းဖြင့် အခိုင်အမာ ဖော်ပြရန် ခက်ခဲသည့် ဖြစ်စဉ်များ

အချို့ဖြစ်စဉ်များကို အခိုင်အမာ တိကျစွာ မဖော်ပြနိုင်သော်လည်း ဖမ်းဆီးခံရမှုများ ဖြစ်ပြီး ထိုမှတစ်ဆင့် သတ်ဖြတ်မှုများနှင့် တရားစီရင်ရေးစနစ် ပြင်ပတွင် သတ်ဖြတ်မှုများအထိ ဖြစ်ပွားခဲ့သည်။

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီ ဥက္ကဋ္ဌ ဦးရဲသိန်းအား ရက္ခိုင့်တပ်မတော် (AA) မှ နိုင်ငံတကာဆိုင်ရာ တရားရုံး (ICJ) တွင် သွားရောက် တရားရင်ဆိုင်သည့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်အား ထောက်ခံပွဲ ပြုလုပ်ရာတွင် ဦးဆောင် စီစဉ်နေသည်ဟု ဆိုကာ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဖမ်းဆီးသွားခဲ့သည်။ ဖမ်းဆီးခံရပြီး ၁၄ ရက်မြောက် အကြာတွင် ရက္ခိုင့်တပ်မတော် (AA) မှ ဦးရဲသိန်းအား ဖမ်းဆီးချုပ်နှောင်ထားသည့် ဘူးသီးတောင်မြို့နယ် အုတ်တောင်ရွာ အရှေ့ဘက် (၃ ဒသမ ၃) ကီလိုမီတာ အကွာအဝေးရှိ ပွိုင့် – ၄၂၈ ကုန်းကို တပ်မတော်မှ ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲသဖြင့် ဦးရဲသိန်း ကွယ်လွန်ခဲ့ကြောင်း ရက္ခိုင့်တပ်မတော် (AA) မှ ထုတ်ပြန်ခဲ့သည်။

သို့သော် အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးရဲသိန်း ကွယ်လွန်ရခြင်းမှာ ရက္ခိုင့်တပ်မတော် (AA) မှ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခဲ့သဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက The Daily Eleven သတင်းစာကို ပြောကြားခဲ့သည်။ https://news-eleven.com/article/151169 ဤဖြစ်စဉ်သည် မတရားဖမ်းဆီး ချုပ်နှောင်သည့် ဖြစ်စဉ်မှတစ်ဆင့် သေဆုံးသည်အထိ ဆင့်ကဲ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး လက်နက်ကိုင် အဖွဲ့များ၏ မတရားဖမ်းဆီး ခံရသူများ သို့မဟုတ် ဓါးစာခံအဖြစ် ထိန်းသိမ်းခံရသူများသည် တိုက်ပွဲကာလအတွင်း သေဆုံးနိုင်သည် ဟု ဖော်ပြနေသည်။

ထို့ပြင် အထက်ပါ ပုံများတွင် ဖော်ပြပါရှိသည့် ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များတွင်လည်း ပြည်သူ့စစ်အဖွဲ့ အချင်းချင်း အပြန်အလှန် ပစ်ခတ်မှုများကြောင့် ဖြစ်ပေါ်သည့် ဥပဒေမဲ့ သတ်ဖြတ်သည့် ဖြစ်စဉ်များလည်း ပါဝင်နေသည်။ မူဆယ်မြို့တွင် ဒီဇင်ဘာလ ၂၃ ရက်နေ့က ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှု ဖြစ်စဉ်တွင် (၁) ဦး သေဆုံးပြီး (၂) ဦး ဒဏ်ရာရရှိခဲ့သည်။ ကောင်းခါး ပြည်သူ့စစ်နှင့် ပန်ဆေး ပြည်သူ့စစ် အဖွဲ့အကြားမှ ပြဿနာရပ်များကြောင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ရသည်ဟု အုပ်ချုပ်ရေး အဖွဲ့ဝင်များက မှတ်ချက်ပေးကြောင်း 7 Day News ၏ ဖော်ပြချက်အရ သိရသည်။ သို့ဖြစ်ရာ ပြည်သူ့စစ် တပ်ဖွဲ့များနှင့် စပ်လျဉ်း၍လည်း ဥပဒေမဲ့ သတ်ဖြတ်သည့် ဖြစ်စဉ်များတွင် ဆက်စပ်နေသည်ကို တွေ့ရှိရသည်။ https://7day.news/detail?id=174325 အထက်ပါ အခြေအနေများအရ တပ်မတော်၊ ပြည်သူ့စစ် နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် ဥပဒေမဲ့ သတ်ဖြတ်သည့် ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နေသည်ကို ထင်ရှားစွာ တွေ့မြင်ရသည်။ ထို့ကြောင့် တပ်မတော်၊ ပြည်သူ့စစ်နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအနေဖြင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် အပိုဒ် ၆ (က) ပါ –

*လူသားတိုင်းသည် မွေးရာပါ အမွေအဖြစ် အသက်ရှင်နေထိုင်ရန် အခွင့်ရှိသည်။ ဤအခွင့်အရေးကို ဥပဒေအရ အကာအကွယ် ပေးရမည်၊ မည်သူမျှ မိမိအသက်ကို ဆုံးရှုံးစေခြင်း မပြုနိုင်*

ဆိုသည့်အချက်ကို လိုက်နာရန် လိုအပ်ပြီး မည်သည့် ဥပဒေမဲ့ သတ်ဖြတ်မှုကိုမျှ ကျူးလွန်ခြင်း မပြုလုပ်ရန်၊ ပြုလုပ်သူများအား ထိရောက်စွာ အပြစ်ပေး အရေးယူနိုင်ရန် လိုအပ်နေသည်။

### ၇.၁.၃။ အမည်မသိ အဖွဲ့အစည်းများ၏ ကျူးလွန်မှုများ


ထို့ပြင် အမည်မသိ အဖွဲ့အစည်းများက ကျူးလွန်သည့် ဥပဒေမဲ့ သတ်ဖြတ်မှုဖြစ်စဉ် (၁၂) ခု တွေ့ရှိခဲ့ရပြီး ထိုဖြစ်စဉ်များသည် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားရာ နယ်မြေတွင် ဖြစ်ခြင်းကြောင့် စုံစမ်းမေးမြန်းမှုများ မပြုလုပ်နိုင်သကဲ့သို့ မည်သူ့ကို တာဝန်ခံခိုင်းရန် ကိုလည်း ရှင်းလင်းစွာ မသိနိုင်ပါ။ ထိုသို့သော ဖြစ်စဉ်များတွင် မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား အပြန်အလှန် စွပ်စွဲကြမှုများကို မကြာခဏ တွေ့ရှိရသည်။ ကျူးလွန်သူများမှာ ယူနီဖောင်းဝတ်စုံများ ဝတ်ဆင်ထားခြင်း မရှိသည့်အတွက် မျက်မြင်သက်သေများအနေနှင့် အတိအကျ မပြောနိုင်ပါ။ မည်သို့ပင်ဖြစ်စေကာမူ ပြည်ထောင်စုအစိုးရနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအနေဖြင့် တရားဥပဒေ စိုးမိုးမှုကို ထိရောက်စွာ လုပ်ဆောင်ရန်နှင့် အရပ်သား ပြည်သူများ၏ အသက်အိုးအိမ်ကို ထိရောက်စွာ စောင့်ရှောက်နိုင်ရေးတို့ကို အရေးတကြီး လုပ်ဆောင်ရန် လိုအပ်နေသည်။

## ၇.၂။ မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ထောင်ဒဏ် အပြစ်ပေးခြင်း


မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ် အပြစ်ပေးခြင်း ဖြစ်စဉ် (၂၉) ခု ဖြစ်ပွားခဲ့ပြီး ထောင်ဒဏ် ချမှတ်ခံရသူ (၁၀) ဦး၊ တရားစွဲဆိုခြင်း ခံထားရသူ (၁၈) ဦးနှင့် ဖမ်းဆီးခံထားရသူ (၆၉) ဦး ရှိခဲ့သည်။ ပုံ (၅)၊ ပုံ (၆)

မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ် အပြစ်ပေးခြင်း ဖြစ်စဉ် (၂၉) ခုအနက်တွင် တပ်မတော်မှ ပြုလုပ်ခဲ့သည့် ဖြစ်စဉ် (၁၄) ခု၊ ရဲတပ်ဖွဲ့မှ ကျူးလွန်ခဲ့သည့် ဖြစ်စဉ် (၄) ခု၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကျူးလွန်ခဲ့သည့် ဖြစ်စဉ် (၇) ခု၊ မည်သူက ဖမ်းဆီးသွားသည်ကို မသိရှိရသည့် ဖြစ်စဉ် (၂) ခုနှင့် အခြားဖြစ်စဉ် (၂) ခု ဖြစ်ပွားခဲ့သည်။ ထိုအပြင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများသည်လည်း မတရား ဖမ်းဆီးမှုများ ခံခဲ့ရသည်။ ပုံ (၇)


**ပုံ (၅)။ မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ထောင်ဒဏ် အပြစ်ပေးခြင်း ဖြစ်စဉ်များ**




**ပုံ (၆)။ မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ထောင်ဒဏ် အပြစ်ပေးခြင်း ခံရသူဦးရေ**




**ပုံ (၇)။ မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ထောင်ဒဏ် အပြစ်ပေးခြင်းများအား ပြုလုပ်ခဲ့သူများ**



## ၇.၂.၁။ စစ်တပ်၏ ကျူးလွန်မှုများ

(၁) ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မနေဇာထွန်း၊ မခင်ချိုနိုင်၊ ကိုဇော်မြင့်တို့ကို ကလေးစစ်သားအဖြစ် စုဆောင်းခံခဲ့ရသူ ကိုအောင်ကိုထွေးအား ကူညီပံ့ပိုးမှုနှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန့်ပြမှုဖြင့် ထောင်ဒဏ် တစ်နှစ်နှင့် ခြောက်လစီ အသီးသီး ကျခံစေရန် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တရားရုံးက အမိန့်ချခဲ့သည်။ Ref: https://myanmar-now.org/mm/news/2925

မျိုးဆက်လိုင်းအဖွဲ့၏ ပြည်သူ့ရေးရာနှင့် နိုင်ငံသား အခွင့်အရေး အစီရင်ခံစာ ၂၀၁၉/၄ တွင်လည်း ဖတ်ရှုနိုင်ပါသည်။ http://www.mediafire.com/file/75hhresao4tabxq/ICCPR_Quarterly_Report.pdf/file...


(၂) ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နော်အုံးလှ၊ မောင်ဦး၊ ဦးငယ် (ခ) ဆန်းလှိုင်တို့အား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေပုဒ်မ ၁၉/၂၀ ဖြင့် အပြစ်ရှိကြောင်း ကြေညာခဲ့ပြီး မြဝတီမြို့နယ် တရားရုံးက ထောင်ဒဏ် တစ်လ ချမှတ်ခဲ့သည်။ မြဝတီမြို့နယ်၊ ရွှေမြစ္စနီ အိမ်ယာစီမံကိန်းနှင့် စပ်လျဉ်းသည့် မြေအငြင်းပွားမှုများအတွက် ဦးဆောင် ဆန္ဒထုတ်ဖော်မှုအတွက်ကြောင့်ဖြစ်သည်။ Ref: https://burmese.voanews.com/a/naw-ohn-hla-and-other-activists-to-release-/5309052.html

ထို့အပြင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများ၊ တက်ကြွလှုပ်ရှားသည့် ကျောင်းသားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအား မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ် အပြစ်ပေးခြင်းများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်ဖွဲ့စည်းသည့် အရပ်သား အစိုးရလက်ထက်တွင်လည်း ဆက်လက်ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။


(၃) ကရင်ပြည်နယ် မြစ်ချောင်းများ စောင့်ကြည့်ရေး ကွန်ယက် (KRWN) မှ ကိုစောသာဘိုးကို နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် အမှုဖွင့်ထားပြီး မတ်လ ၆ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ ၎င်း၏ နေအိမ်ကို သွားရောက် ဖမ်းဆီးခဲ့ပြီး ၎င်းမှာ တိမ်းရှောင်နေရကြောင်း သိရသည်။ တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သော မြိုင်ကလေး ဘိလပ်မြေစက်ရုံတွင် ကျောက်မီးသွေးလောင်စာ အသုံးပြု လည်ပတ်မှုကြောင့် အနီးဝန်းကျင် သောက်သုံးရေကန်များရှိ ရေများ အရောင်ပြောင်းလဲခြင်းများ ရှိနေသည်ဆိုသော ယုံကြည်မှုဖြင့် ကျောက်မီးသွေး အသုံးပြုမှုကို ရပ်တန့်ရန် ဒေသခံများက ပြီးခဲ့သည့်နှစ်များကတည်းက ကန့်ကွက်ခဲ့ကြပြီး ဇန်နဝါရီ ၁၇ တွင် ဘားအံမြို့နယ်၊ နတ်ကုန်းကျေးရွာထိပ်မှ ဘိုးဘိုးကြီး နတ်နန်းတွင် ကျေးရွာပေါင်း ၂၇ ရွာမှ ဒေသခံ ၈၀၀ ခန့်က ယင်းစီမံကိန်း ရပ်တန့်ရေး ဆုတောင်းပွဲ လုပ်ခဲ့ကြရာတွင် ကိုစောသာဘိုးက ဦးဆောင်ပါဝင်ခဲ့သဖြင့် နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် တရားစွဲဆိုခံရခြင်း ဖြစ်ကြောင်း သိရသည်။ မတ်လ ၆ ရက်နေ့တွင် ရဲများက ၎င်း၏နေအိမ်သို့ လာရောက်ဖမ်းဆီးသည့်အခါ ၎င်းမှာ တိမ်းရှောင်နေခဲ့သည်။ Ref: https://myanmar-now.org/mm/news/3281

အလားတူပင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် အင်တာနက် ပိတ်ပင်ထားခြင်းအား ပြန်လည်ဖွင့်ပေးရန် ဆန္ဒထုတ်ဖော်သဖြင့် တရားစွဲဆို ခံထားရသူ ကျောင်းသား၊ ကျောင်းသူ ၉ ဦးအနက် ဖမ်းဆီးခံထားရသူ ကျောင်းသား/သူ ၇ ဦးကို မတ်လ ၂၅ ရက်နေ့တွင် ကမာရွတ်မြို့နယ် တရားရုံးက ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်လ ချမှတ်ခဲ့သည်။

**ပုံ (၈)။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများ အုပ်စုအမျိုးအစားအလိုက် ဖမ်းဆီးခံရမှု အခြေအနေ**




**ပုံ (၉)။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများ ဖမ်းဆီးခံရခြင်း၊ တရားစွဲဆိုခြင်းနှင့် ထောင်ဒဏ် ချမှတ်ခံရခြင်း အခြေအနေ**



အဆိုပါဖြစ်စဉ်တွင် ပါဝင်ခဲ့ပြီး တိမ်းရှောင်နေသည့် ကျောင်းသားတစ်ဦးဖြစ်သူ ရက္ခိုင်ကျောင်းသားများ သမဂ္ဂ (တက္ကသိုလ်များ – ရန်ကုန်) ၏ အထွေထွေ အတွင်းရေးမှူး ကိုမြတ်ဟိန်းထွန်းက *''ကျွန်တော်ပြောချင်တာကတော့ ဒီအင်တာနက် ပိတ်တာဟာ တကယ့် လူ့အခွင့်အရေးကို ချိုးဖောက်ခံနေရတာဖြစ်တယ်၊ အင်တာနက် ပိတ်လိုက်တာက ဒီအစိုးရ ကိုယ်တိုင်က ပိတ်လိုက်တာ။ ပြည်သူတွေက ရွေးကောက်တင်မြှောက်တဲ့ အစိုးရကိုယ်တိုင်က ပိတ်လိုက်တာ၊ ကျွန်တော်တို့ကိုယ်တိုင်တောင် အမှန်တိုင်းပြောတော့ အမှုဖွင့်ခံရတယ် တရားစွဲခံရတယ်''* ဟု အရပ်သား အစိုးရလက်ထက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသဖြင့် တရားစွဲဆို ခံရခြင်းနှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ပြောသည်။

တပ်မတော်မှ ပြုလုပ်ခဲ့သည့် မတရားဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း ဖြစ်စဉ်များနှင့်ပတ်သက်၍ အစိုးရနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ တိုင်တန်းမှုများ ပြုလုပ်ခဲ့သော်လည်း အကာအကွယ် မရခဲ့ကြောင်း လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ဝေဖန်လျက် ရှိကြသည်။

ရခိုင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ အဖွဲ့မှ ဦးမြတ်ထွန်းက *''စစ်မြေပြင်မှာ သူတို့ သတ်မှတ်တဲ့နေရာမှာ သူတို့အောက်ခြေက လူက ပြောချင်သလို ပြောတယ်၊ လုပ်ချင်သလို လုပ်တယ်၊ အထက်က လူတွေကလည်း အဲ့ဒါကို အတည်ပြုတယ်၊ အဲ့ဒါက မကောင်းတဲ့ နည်းလမ်းပေါ့၊ အဲ့ဒီလို သွားမယ်ဆိုရင် ပြည်သူတွေလည်း ဒုက္ခရောက်မယ်၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေက တစ်နှစ်ထက် တစ်နှစ် များများလာပြီ၊ နောက်တခါ ကျွန်တော်တို့ဘက်က မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ကိုလည်း တင်တယ်၊ တင်လည်းပဲ လူ့အခွင့်အရေး ကော်မရှင်ကလည်း စစ်ဆေး အရေးယူတာကိုလည်း သူဘယ်လိုမှ မတတ်နိုင်ဘူး၊ သူက အရပ်သား အစိုးရသာ ပြောတာ စစ်တပ်ကပဲ အုပ်ချုပ်နေတာဆိုတော့ လုပ်မရဘူး''* ဟု ဝေဖန်သည်။

စစ်ရေးပဋိပက္ခ ဖြစ်ပွားခြင်းမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တပ်မတော်၏ တရားစွဲဆိုမှုနှင့်ပတ်သက်၍ ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲဆို ခံထားရသူ တရားလွှတ်တော် ရှေ့နေ ဦးကြီးမြင့်က *''ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က)၊ ၅၀၅၊ ၅၀၅ (ခ)၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ (နိုင်လွတ်လုံ)၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေ (ငြိမ်းစုစီ) အဲ့ဒါတွေကတော့ ရှင်းရှင်းပြောရရင် လိုရင် လိုသလို မလိုရင် မလိုသလို ယူသုံးနေတာလေ၊ အဲ့ဒါကို ရဲကလည်း စစ်တပ်ကို ကိုယ်စားပြုတယ်၊ ရဲက အစိုးရကို ကိုယ်စားမပြုဘူးနော်၊ ရဲက စစ်တပ်ကိုပဲ ကိုယ်စားပြုတာ''* ဟု မှတ်ချက်ပြုသည်။

အထက်ပါ အခြေအနေများကို လေ့လာသုံးသပ်မှုအရ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ (၆) ဦးသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် မကိုက်ညီသည့် ဥပဒေများဖြင့် ထောင်ဒဏ် ချမှတ်ခံခဲ့ရသည်။ သဘာဝပတ်ဝန်းကျင် အရေး တက်ကြွလှုပ်ရှားသူ (၁) ဦး အမှုဖွင့်၍ ဖမ်းဝရမ်း ထုတ်ခံထားရကာ ကျောင်းသား သမဂ္ဂများမှ လူငယ် (၇) ဦး ထောင်ဒဏ် ချမှတ်ခံရပြီး၊ (၂) ဦးမှာ တိမ်းရှောင်နေရသည်။

### ၇.၂.၂။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကျူးလွန်မှုများ

ဒီဇင်ဘာလ ၁၅ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့အတွင်းတွင် တိုင်းရင်းသား လက်နက်ကိုင်များက ဖမ်းဆီးသည့် ဖြစ်စဉ် ၇ ကြိမ် ဖြစ်ပွားခဲ့ကာ ရခိုင်ပြည်နယ်တွင် ၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်တွင် ၁ ကြိမ် ဖြစ်ပွားခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များအနေဖြင့်လည်း အရပ်သား ပြည်သူများအား ထိခိုက်စေသည့် ဖမ်းဆီးမှုများကို ရပ်တန့်ရန်နှင့် ထိုကဲ့သို့ ဖမ်းဆီးမှု ပြုလုပ်သူများအား ထိရောက်စွာ အရေးယူရန် လိုအပ်နေသည်။ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အပါအဝင် မည်သည့်အဖွဲ့အစည်းမဆို အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် အပိုဒ် (၉) (က) တွင် ပါရှိသည့် –

> *လူတိုင်းသည် လွတ်လပ်သည့် လူ့အခွင့်အရေး ရရှိပြီး လူ့အတွက် လုံခြုံမှု အခွင့်လည်း ရှိသည်။ မည်သူ့ကိုမျှ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း မပြုရ၊ ဥပဒေအရ သတ်မှတ်သော လုပ်ဆောင်ချက်မှလွဲ၍ မည်သူတစ်ဦး၏ လွတ်လပ်ခြင်းကိုမျှ သိမ်းယူခြင်း မပြုနိုင်။*

ဆိုသည့်အချက်ကို လိုက်နာ၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ သဘာဝပတ်ဝန်းကျင် အရေး တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားလူငယ်များ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများကိုသာမက မည်သည့်နိုင်ငံသားကိုမျှ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းနှင့် မညီသည့် မည်သည့်ဥပဒေနှင့်မျှ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ် အပြစ်ပေးခြင်းများ မပြုလုပ်ရန် အရေးတကြီး လိုအပ်နေသည်။

## ၇.၃။ လွတ်လပ်စွာ သွားလာခွင့် ပိတ်ပင်ခံရပြီး အရေးယူခံရခြင်း


လွတ်လပ်စွာ သွားလာခွင့် ပိတ်ပင်ခံရပြီး အရေးယူခံရသည့် ဖြစ်စဉ် (၃) ခု ဖြစ်ပွားပြီး ထို့အတွက် လူ (၁၂၆) ဦးအနက် ဖမ်းဆီးအရေးယူ ခံရသူ (၁၁၁) ဦး၊ ထောင်ဒဏ် အပြစ်ပေးခံရသူ (၁၅) ဦး ရှိခဲ့သည်။ *ပုံ (၁၀)*

အဆိုပါ ဖြစ်စဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(၁) ဖေဖေါ်ဝါရီလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့များတွင် မကွေးတိုင်း၊ မင်းလှမြို့နယ်တွင် ဖမ်းဆီးခဲ့သည့် အစ္စလာမ်ဘာသာဝင် အမျိုးသမီး (၇) ဦးနှင့် အမျိုးသား (၈) ဦးတို့ကို အထောက်အထားမဲ့ ခရီးသွားလာမှုဖြင့် ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ ၆၊ အပိုဒ် ၃ အရ အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ် နှစ်နှစ်စီ ကျခံရန် မတ်လ ၆ ရက်နေ့တွင် တရားရုံးက အမိန့်ချခဲ့သည်။
Ref: https://www.rfa.org/burmese/news/16-rohingyas-sentenced-two-years-in-prison-03062020015507.html

(၂) ဖေဖေါ်ဝါရီလ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့များတွင် ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်အတွင်းတွင် ဖမ်းဆီးခဲ့သည့် အစ္စလာမ်ဘာသာဝင် အမျိုးသမီး (၃၃) ဦးနှင့် အမျိုးသား (၂၇) ဦးတို့အား အထောက်အထားမဲ့ ခရီးသွားလာမှုဖြင့် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ ၆၊ အပိုဒ် ၃ အရ လှည်းကူးမြို့နယ် တရားရုံးတွင် တရားစွဲဆိုထားသည်။

**ပုံ (၁၀)။ လွတ်လပ်စွာ သွားလာခွင့် ပိတ်ပင်ခံရပြီး အရေးယူခံရသည့် လူဦးရေစာရင်း**



Ref: https://www.rfa.org/burmese/news/rohingya-in-myanmar-02272020172825.html, https://www.rfa.org/burmese/news/rohingya-in-yangon-02212020113416.html

(၃) ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဧရာဝတီ တိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံ ကမ်းခြေတွင် အစ္စလာမ် ဘာသာဝင် အမျိုးသား (၂၀) ဦးနှင့် အမျိုးသမီး (၂၈) ဦးတို့ကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် မြန်မာနိုင်ငံမှ ထွက်ခွာနိုင်ရန် ကြိုးပမ်းနေစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ Ref: http://burmese.dvb.no/archives/371600

ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၅ ရက်နေ့က ကော့သောင်းမြို့ ရေပိုင်နက်တွင် ဖမ်းမိခဲ့သော အစ္စလာမ်ဘာသာဝင် ၁၇၀ ကျော်အား ရခိုင်ပြည်နယ်သို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ ၎င်းတို့အနေဖြင့် မူလ လာရာ ကျေးရွာများသို့ ပြန်ရန်နှင့် မပြန်ပါက IDP စခန်းများတွင် နေထိုင်ခိုင်းမည် ဖြစ်သည်။ အလားတူပင် အထောက်အထားမရှိဘဲ ခရီးသွားမှုဖြင့် ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်း ခံထားရသည့် အခြားသော အစ္စလာမ်ဘာသာဝင် လူအုပ်စုများအပေါ် စွဲဆိုချက်နှင့် ထောင်ဒဏ်များကိုလည်း ပြန်လည်ရုတ်သိမ်းပေးခဲ့သည်။ ဧပြီလ ၇ ရက်နေ့တွင် မင်းလှမြို့နယ်၌ ထောင်ဒဏ် ချမှတ်ခံရသည့် အစ္စလာမ် ဘာသာဝင်များအားလည်းကောင်း၊ ဧပြီလ ၈ ရက်နေ့တွင် နိုဝင်ဘာလနှင့် ဖေဖော်ဝါရီလများ၌ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ် အနီးတဝိုက်တွင် ဖမ်းဆီး တရားစွဲဆိုခံရသူ အစ္စလာမ်ဘာသာဝင် ၁၄၀ ခန့်အားလည်းကောင်း၊ ဧပြီလ ၉ ရက်နေ့တွင် လှည်းကူးမြို့နယ်၌ ဖမ်းဆီးခံထားရသည့် အစ္စလာမ် ဘာသာဝင်များအားလည်းကောင်း အသီးသီး အမှုပိတ်သိမ်း၍ နေရပ်ပြန်ပို့ရန် စီစဉ်နေကြောင်း သိရှိရသည်။

လူ့အခွင့်အရေး လှုပ်ရှားသူ ရေှနေ့ ဒေါ်သဇင်မြင့်မြတ်ဝင်းက *"သူတို့တွေ နိုင်ငံသား ဟုတ်တယ်ဆိုရင်လည်း နိုင်ငံသားအတိုင်း စိစစ် လက်ခံပေးပေါ့၊ သူတို့ဘက်က ရိုဟင်ဂျာ လို့ သတ်မှတ်တယ်လေ၊ ဟိုဘက်ကလည်း မဟုတ်ဘူးလို့ ပြောတယ်၊ စိစစ်ပြီးတော့ သူရဲ့ ဒေသဖြစ်တဲ့ နေရာကို ပြန်ချပေးလိုက်ရင် တော်တော်တော့ အဆင်ပြေသွားမှာပါ၊ တန်းတူ ရပိုင်ခွင့်နဲ့ဆို သူတို့အတွက်လည်း အဆင်ပြေသွားမယ်၊ နိုင်ငံအတွက်လည်း အဆင်ပြေသွားမယ်"* ဟု မှတ်ချက်ပြုသည်။

အလားတူပင် ယခု အစီရင်ခံစာ၏ ကိန်းဂဏန်း အချက်အလက်များတွင် စာရင်းသွင်းနိုင်ခဲ့ခြင်း မရှိသည့် လွတ်လပ်စွာ သွားလာခွင့် ချိုးဖောက်သည့် ဖြစ်စဉ်များသည် ရခိုင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် စည့်ုင်း စစ်ဘေးရှောင် စခန်းအား တပ်မတော်မှ ဖယ်ရှားရန် လေးကြိမ်တိုင်တိုင် ဖိအားပေးခဲ့ပြီး၊ လေးကြိမ်မြောက် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နေ့လယ်တွင် အင်အား ၁၀၀ ခန့်ရှိသည့် တပ်မတော် စစ်ကြောင်းက လူဦးရေ ၄၀၀ ခန့်ရှိသည့် စစ်ရှောင်စခန်းအား ရွှေ့ပြောင်းရန် ဖိအားပေးခဲ့သည်။ ယင်းမတိုင်မီက ဇန်နဝါရီ ၂၅ ရက်တွင် တစ်ကြိမ်၊ ၂၇ ရက်တွင် တစ်ကြိမ်၊ ၂၉ ရက်တွင် တစ်ကြိမ် လာရောက်ကာ နေရာရွှေ့ပြောင်းရန် သတိပေးခဲ့သည်။ ထိုကြောင့် စစ်ရှောင်ပြည်သူများအနေဖြင့် စားဝတ်နေရေး အခက်အခဲသာမက နေထိုင်ရေး အခက်အခဲများနှင့်ပါ ရင်ဆိုင်နေရပြီး ပြည်နယ်အစိုးရမှလည်း လုံလောက်သည့် အကာအကွယ်ကို ဖန်တီးပေးနိုင်ခဲ့ခြင်း မရှိပေ။

စစ်ရှောင်ပြည်သူများအား ထိုသို့ အတင်းအဓမ္မ ဖိအားပေး နေရာရွှေ့ပြောင်းခိုင်းပြီး ထိခိုက်လွယ် အုပ်စုများ၏ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ခွင့်ကို တပ်မတော်က ပိတ်ပင်တားဆီးခဲ့သည်။ ပြည်ထောင်စု အစိုးရနှင့် ရခိုင်ပြည်နယ် အစိုးရများအနေဖြင့် စစ်ရှောင်ပြည်သူများ၏ စားဝတ်နေရေးနှင့် အသက်ရှင်သန်နိုင်ခွင့် ရှိစေရန် အကာအကွယ်ပေးမှုများ ပျက်ကွက်ခဲ့ပြီး တပ်မတော်အနေဖြင့်

စစ်ရှောင်ပြည်သူများ အကြပ်တွေ့စေရန် ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် အပိုဒ် (၁၂) အရ –

> *လူတိုင်းတွင် မိမိသဘောအလျောက် တိုင်းနိုင်ငံအတွင်း လွတ်လပ်စွာ သွားလာရန်၊ မည်သည့်နေရာတွင်မဆို နေထိုင်နိုင်ရန် နှင့် မိမိသဘောအလျောက် မိမိတိုင်းပြည်မှ ထွက်ခွာရန် သို့မဟုတ် ပြန်လည်ဝင်ရောက်ရန် အခွင့်အရေး ရှိသည်*

ဟု ပြဋ္ဌာန်းထားပေရာ ပြည်ထောင်စု အစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့အနေဖြင့် မိမိတို့ နိုင်ငံအတွင်းရှိ ပြည်သူများနှင့် နိုင်ငံသားများ၏ လွတ်လပ်စွာ သွားလာခွင့်ကို ပိတ်ပင်ကန့်သတ်သည့် လုပ်ရပ်များကို အမြန်ဆုံး ရပ်တန့်ရန် လိုအပ်ပြီး ဖမ်းဆီး အရေးယူခြင်း၊ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့လည်း မပြုရန် လိုအပ်သည်။ ထို့အပြင် ရိုဟင်ဂျာများ၊ IDPs များနှင့် အခြား လူတစ်ဦးချင်း သို့မဟုတ် လူအုပ်စုများ၏ အခွင့်အရေးကို လျစ်လျူရှု ချိုးဖောက်သူများကိုလည်း ထိရောက်စွာ တာဝန်ခံခိုင်းရန် လိုအပ်သည်။

၇။ နိဂုံး

လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားရာ ဒေသများဖြစ်သော ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ဥပဒေမဲ့ သတ်ဖြတ်သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး လက်သည်မပေါ်သည့် သတ်ဖြတ်ခံရမှု ဖြစ်စဉ်မှာ အများဆုံးဖြစ်သည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များက ကျူးလွန်သည့် ဖြစ်စဉ်များလည်း ရှိနေခဲ့သည်။ တပ်မတော် အပါအဝင် မည့်သည့် လက်နက်ကိုင် တပ်ဖွဲ့မဆို အရပ်သား ပြည်သူများအား ဥပဒေမဲ့ သတ်ဖြတ်သည့် လုပ်ရပ်များ အမြန်ဆုံး ရပ်တန့်ရန်၊ ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန် လိုအပ်နေသည်။

မတရား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ် ချမှတ်ခြင်းများ မြန်မာနိုင်ငံအတွင်းတွင် ဆက်လက်ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး အဆိုပါဖြစ်စဉ် အများစုတွင် တပ်မတော်၊ ရဲတပ်ဖွဲ့၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ ပါဝင်ပတ်သက်နေခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် မကိုက်ညီသည့် ဥပဒေများဖြင့် ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ဖမ်းဆီးခံရစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်ခြင်း၊ မိသားစုနှင့် တွေ့ခွင့်မရခြင်း၊ ဥပဒေအရ လုံလောက်သည့် အကာအကွယ်၊ ချေပခွင့်နှင့် တန်းတူခွင့်ကို မရခြင်း၊ ဖမ်းဆီးခံရသူများ၏ အသက်အန္တရာယ်ကို အကာအကွယ် မပေးခြင်းတို့ ဆက်လက်ဖြစ်ပေါ်လျက် ရှိသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် မကိုက်ညီသည့် ပြည်တွင်းဥပဒေများကို အသုံးပြုမှုများလည်း တွေ့ရှိရပြီး ဖြစ်စဉ်အများစုတွင် အရပ်သား ပြည်သူများကိုသာမက လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများအပေါ်ကိုလည်း ကျူးလွန်ကြကြောင်း တွေ့ရှိရသည်။

လွတ်လပ်စွာ သွားလာခွင့် ချိုးဖောက်မှု ဖြစ်စဉ်များအရ ခရီးသွားလာခွင့် မရှိဘဲ သွားလာမှုကြောင့် ဖမ်းဆီးခံရသူများသည် တရားစွဲဆို ခံရမှုများနှင့် ထောင်ဒဏ် အပြစ်ပေးခံရမှုများလည်း ရှိကြောင်း မျိုးဆက်လှိုင်းအဖွဲ့က တွေ့ရှိခဲ့ရသည်။ သို့သော်လည်း နောက်ပိုင်းတွင် သက်ဆိုင်ရာ အာဏာပိုင်များက ၎င်းတို့အား မူလဌာနေသို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ IDPs စခန်းများကို ထပ်ခါတလဲလဲ အတင်းအဓမ္မ နေရာရွှေ့ပြောင်းခိုင်းမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

၎င်းသည် ရိုဟင်ဂျာတို့၏ နိုင်ငံသား ဖြစ်ခွင့်ကို တားဆီးပိတ်ပင်မှုကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များ ဖြစ်သည်။ ၁၉၈၂၊ မြန်မာနိုင်ငံသား ဥပဒေကို မပြင်ဆင်နိုင်ပါက လွတ်လပ်စွာ သွားလာခွင့်ကို ချိုးဖောက်မှုများ အနာဂတ်တွင် အလားတူ ဆက်လက်ဖြစ်ပေါ်နေဦးမည် ဖြစ်သည်။

## ၉။ အကြံပြုချက်များ

### အစိုးရ

၁။ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် မကိုက်ညီသည့် ဥပဒေများဖြင့် ဖမ်းဆီးမှုများနှင့် ထောင်ဒဏ် အပြစ်ပေးခြင်းများကို အဆုံးသတ်ရန်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လေးစားလိုက်နာရန်

၂။ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများ အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ချိုးဖောက်နေသည့် ဥပဒေများကို ဖျက်သိမ်းရန်နှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ဥပဒေများ ချမှတ်ရန်

၃။ ဥပဒေမဲ့ သတ်ဖြတ်မှု ကျူးလွန်သူများအား အရေးယူ အပြစ်ပေးရန်၊ တရားဥပဒေ စိုးမိုးမှုကို မြှင့်တင်ဆောင်ရွက်ရန်နှင့် လက်နက်ကိုင် ပဋိပက္ခ နယ်မြေအတွင်းရှိ လူများ အသက်အန္တရာယ် မဖြစ်စေရေး ကာကွယ်စောင့်ရှောက်ရန်

၄။ ဖမ်းဆီးစစ်ဆေးနေစဉ် ကာလအတွင်း လူသားတစ်ဦးအနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးဖြစ်သည့် ဥပဒေ အကာအကွယ် ရရှိပိုင်ဆိုင်ခွင့် ပေးရန် နှင့် မိသားစုနှင့် တွေ့ဆုံခွင့်၊ ရှေ့နေငှားပိုင်ခွင့် ပေးရန်

၅။ ပြည်ထောင်စု အစိုးရ၊ တပ်မတော်နှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ပြည်သူတို့၏ လွတ်လပ်စွာ သွားလာခွင့်အပေါ် ကန့်သတ် ချုပ်ချယ်မှုများအား အမြန်ဆုံး ရပ်တန့်ရန်၊ ပြည်သူများအား မတရားဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းများကို ရှောင်ကျဉ်ရန်နှင့် ပြည်သူတို့ ရသင့်ရထိုက်သော အခွင့်အရေးများဖြစ်သည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ ပေးအပ်ရန်

ရိုဟင်ဂျာများ ကဲ့သို့သော ထိခိုက်လွယ် လူအုပ်စုများ၏ လွတ်လပ်စွာ သွားလာခွင့်ကို အာမခံပေးနိုင်ရန်အတွက် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေကို ပြင်ဆင်သင့်သည်။ ရိုဟင်ဂျာများအနေဖြင့် နိုင်ငံသားဖြစ်ခွင့် မရခဲ့ပါက အသက်ရှင် နေထိုင်နိုင်ရေးအတွက် အသက်အန္တရာယ်နှင့် လွတ်လပ်ခွင့်ကို ရင်းရမှုများ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သည်။

၆။ ICCPR ကို လက်မှတ်ရေးထိုးပြီး တာဝန်ခံမှု နှင့် ပွင့်လင်းမြင်သာမှုအတွက် ပြည်တွင်း ဥပဒေများတွင် ထည့်သွင်း ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်

### စစ်တပ်

၇။ လက်နက်ကိုင် ပဋိပက္ခ နယ်မြေတွင် ဖမ်းဆီးစစ်ဆေးနေစဉ် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် သတ်ဖြတ်ခြင်းများအား ရပ်တန့်ရန်

၈။ ကျေးရွာများနှင့် အရပ်သား ပြည်သူတို့၏ အသက်အိုးအိမ် ပျက်စီးစေနိုင်သည့် မည်သည့် ပစ်ခတ်တိုက်ခိုက်မှုမျိုးမှ မပြုလုပ်ရန်

၉။ ဖမ်းဆီးစစ်ဆေး ခံရသူများအား နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ဥပဒေကြောင်းအရ အကူအညီ ပေးရန်၊ ဥပမာ – ရှေ့နေငှားပိုင်ခွင့် နှင့် မိသားစုနှင့် တွေ့ဆုံခွင့်

### အရပ်ဖက် အဖွဲ့အစည်းများ

၁၀။ ပြည်ထောင်စု အစိုးရအား ICCPR အတည်ပြုလက်မှတ် ရေးထိုးရေး တိုက်တွန်းနှိုးဆော်ရန်

၁၁။ လူ့အခွင့်အရေးများအား ချိုးဖောက်နေသည့် ပြည်တွင်းဥပဒေများ ပြင်ဆင်နိုင်ရေး ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအား တိုက်တွန်းနှိုးဆော်ရန်

၁၂။ နိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများအား လေ့လာစောင့်ကြည့်ရန်နှင့် ကျူးလွန်သူများ တာဝန်ခံမှု ရှိစေရေး၊ ချိုးဖောက်မှုများ ပပျောက်ရေးနှင့် ပြည်သူများအား ကာကွယ်စောင့်ရှောက်မှု ပေးရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်များသို့ ဖိအားပေးရန်၊ သို့မှသာ မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ အခွင့်အရေးများအား ကျင့်သုံးခွင့် ရနိုင်မည်ဖြစ်သည်။

၁၃။ အရပ်သား ပြည်သူများအား ကူညီပံ့ပိုးရန်နှင့် အမုန်းစကားများအား ဖြေရှင်း ဆောင်ရွက်ရန်

### နိုင်ငံတကာမှ သက်ဆိုင်သူများ

၁၄။ အစိုးရနှင့် တပ်မတော်အား လူ့အခွင့်အရေး ချိုးဖောက်နေမှုများကို ရပ်တန့်ရေး တိုက်တွန်းရန် နှင့် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ မြှင့်တင်ဆောင်ရွက်ရေး အားပေးတိုက်တွန်းရန်

### တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ

၁၅။ လက်နက်ကိုင် ပဋိပက္ခ နယ်မြေအတွင်း အရပ်သား ပြည်သူများအား မတရား ဖမ်းဆီးခြင်းနှင့် ဓါးစာခံ ခေါ်ဆောင်သွားခြင်းများ ရပ်တန့်ရန်

၁၆။ တိုက်ပွဲတွင် ဖမ်းဆီးရမိခဲ့သူများ၏ အသက်အိုးအိမ်ကို အကာအကွယ်ပေးရန်နှင့် အကျဉ်းသားအဖြစ် ထိန်းသိမ်းထားစဉ် နှိပ်စက် သတ်ဖြတ်ခြင်း မပြုရန်

၁၇။ ကျေးရွာများနှင့် အရပ်သား ပြည်သူတို့၏ အသက်အိုးအိမ် ပျက်စီးစေနိုင်သည့် မည်သည့် ပစ်ခတ်တိုက်ခိုက်မှုမျိုးမှ မပြုလုပ်ရန်

### မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

၁၈။ ကော်မရှင်ထံသို့ တိုင်ကြားမှုများကိုသာ စောင့်ဆိုင်းနေမည့်အစား လူ့အခွင့်အရေး အလွဲသုံးစား ပြုမှုနှင့် ချိုးဖောက်မှုဆိုင်ရာ သတင်းအချက်အလက်များအား လေ့လာစောင့်ကြည့်ပြီး ဖြေရှင်းဆောင်ရွက်ရန်

၁၉။ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ အထူးသဖြင့် အဓိကကျပြီး မြန်မာနိုင်ငံက လက်မှတ် မထိုးရသေးသည့် နိုင်ငံတကာ

လူ့အခွင့်အရေး သဘောတူ စာချုပ်များအား အတည်ပြု လက်မှတ်ရေးထိုးနိုင်ရေး ပြည်ထောင်စု လွှတ်တော်ကို တက်ကြွစွာ တိုက်တွန်းရန်နှင့် နိုင်ငံတကာ လုပ်ငန်းစဉ်များ၊ သဘောတူ စာချုပ်များဆိုင်ရာ သက်ဆိုင်သူများဖြင့် ပူးပေါင်းဆောင်ရွက်ရန်

၂၀။ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် အကြံပြုချက်များအား ပြည်သူ့အသံ/အင်အားများဖြင့် ပေါင်းစည်းပြီး သက်ဆိုင်သူများဖြစ်သည့် အထူးသဖြင့် အစိုးရ ဝန်ကြီးဌာနများအနေဖြင့် ထိုအခွင့်အရေးများကို လေးစားလိုက်နာရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်

## ၁၀။ ရည်ညွှန်း/ကိုးကားချက်များ

အောက်ဖော်ပြပါ သတင်းဌာနများမှ ရေးသားဖော်ပြသည့် သတင်းများကို စောင့်ကြည့်လေ့လာ ကိုးကား ဖော်ပြထားခြင်း ဖြစ်ပြီး အချို့ ဒေသများရှိ သက်ဆိုင်သူများနှင့် အသေးစိတ် အင်တာဗျူးများ ပြုလုပ်ကာ သတင်းအချက်အလက်နှင့် ရှုထောင့်များ ပိုမို စုံလင်အောင် ဆောင်ရွက်ခဲ့သည်။

| Ethnic Based Media | Nationwide Media |
|---|---|
| Chin World Media<br>https://www.chinworld.org/ | BBC<br>https://www.bbc.com/burmese |
| Hinthar Media<br>https://www.hintharmedia.com/ | VOA<br>https://burmese.voanews.com/ |
| Kachin News Group<br>https://kachinnews.com/ | RFA<br>https://www.rfa.org/burmese/ |
| Kantarawaddy Times<br>https://www.kantarawaddytimes.org/ | DVB<br>http://burmese.dvb.no/ |
| Karen Information Center<br>http://karennews.org/ | Mizzima<br>http://www.mizzimaburmese.com/ |
| Khonumthung News<br>http://khonumthung.org/ | Myanmar Now<br>https://www.myanmar-now.org/mm |
| Mon New Agency<br>http://monnews.org/ | Irrawaddy<br>https://burma.irrawaddy.com |
| Narinjara News<br>https://www.narinjara.com | 7 Day News<br>https://7daydaily.com/ |

| Ethnic Based Media | Nationwide Media |
|---|---|
| Shan Herald Agency for News<br>https://burmese.shannews.org/ | Daily Eleven<br>https://news-eleven.com/ |
| Development Media Group<br>https://www.dmediag.com/ | Frontier Myanmar<br>https://frontiermyanmar.net/ |

https://khonumthung.org/?p=8392

https://news-eleven.com/article/151169

https://7day.news/detail?id=174325

https://myanmar-now.org/mm/news/2925

https://burmese.voanews.com/a/naw-ohn-hla-and-other-activists-to-release-/5309052.html

https://myanmar-now.org/mm/news/3281

https://www.rfa.org/burmese/news/16-rohingyas-sentenced-two-years-in-prison-03062020015507.htmlhttps://www.rfa.org/burmese/news/rohingya-in-myanmar-02272020172825.html

https://www.rfa.org/burmese/news/rohingya-in-yangon-02212020113416.htmlhttp://burmese.dvb.no/archives/371600

Generation Wave

GW

မျိုးဆက်လှိုင်း